# “နေအိမ်ပညာရေး – စမ်းသပ်တွေ့ရှိချက်”

# HOME - SCHOOL -- TRIED & PROVEN!

## နိဒါန်း

“သင့်ကလေးများအား ကျောင်းထားရေး” အတွက် ဒေသန္တရပညာရေး ဥပဒေများနှင့် လူမှုရေးဖိအားများနှင့် ပတ်သက်၍ ယနေ့ ကာလမိဘများက စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်သည့်အချိန်မှစ၍ နေအိမ်တွင်ပင် ပညာသင်ကြားပေးခြင်းကို နိုင်ငံအတော်များများနှင့် အမေရိကန်နိုင်ငံ ပြည်နယ်အများစုတွင် ကျင့်သုံးလျက်ရှိသည့်ပြင် ခွင့်ပြုထားကြောင်းကို အထူးသဖြင့် အမေရိကန်နိုင်ငံတွင် နေထိုင်ကြသော သင်တို့နှင့် အင်္ဂလိပ်စကားပြောသည့် နိုင်ငံများကို အားပေးရန် အရေးကြီးသည်ဟု ကျွန်ုပ်တို့ယူဆမိခဲ့သည်။

ပြည်သူပိုင်ကျောင်းများတွင် မထားဘဲ နေအိမ်တွင်ပညာသင်ကြားရေးနှင့် ပတ်သက်ပြီး နေအိမ်တွင်သင်ကြားသည့် ကျောင်းအတွက် မည်သည့်လိုအပ်ချက်မျှ မရှိခြင်း၊ သင်၏အိမ်တွင်ပင် ကိုယ်ပိုင်ကျောင်းအဖြစ် ဖန်တီးခြင်း၊ တရားဝင်ပြဋ္ဌာန်းထားသော စာပေးစာယူသင်တန်းများ ရယူခြင်း၊ ခရီးသွားရင်း သင်ကြားသည့် ပညာရေးစနစ်တွင် ဆရာ၏လက်ထောက်ဖြစ်လာခြင်း စသည် ရွေးချယ်နိုင်သောအကြောင်းများစွာကို ကျွန်ုပ်တို့လေ့လာသိရှိခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ နည်းစနစ်ကို အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများရှိ ထောင်ပေါင်းများစွာသော လူများက ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ကျင့်သုံးလျက် ရှိကြပါသည်။

အမျိုးမျိုးသော ရေးသားထုတ်ဝေချက်များ၊ ပြည်သူပိုင်ကျောင်းများနှင့် ပတ်သက်သော ထိတ်လန့်တုန်လှုပ်ဖွယ် အကြောင်းခြင်းရာများ၊ နေအိမ်ပညာရေးမေးခွန်းနှင့် အဖြေများနှင့် နေအိမ်ပညာရေးဆိုင်ရာ ဥပဒေအချက်အလက်များကို အခြေပြုထားသော ဤဆောင်းပါးများက သင့်ကလေးများ သင့်အခွင့်အရေးများနှင့် “နေအိမ်ပညာရေး” အတွက် သင်၏ဆုံးဖြတ်ချက်ကို ခုခံကာကွယ်ရာ၌ အထောက်အကူပြုသော အရင်းအမြစ်များနှင့် အားပေးမှုများ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။ သင်တစ်ဦးတည်း သာမက သန်းဝက်ခန့်သော အမေရိကန်လူမျိုးများသည် အမေရိကန်ပြည်သူ့ကျောင်းများအား ဆန့်ကျင်မည့်အစား ရွေးချယ်မှုနည်းလမ်းများကို စတင်ဆောင်ရွက်လျက်ရှိကြကြောင်း သိရှိရခြင်းအားဖြင့် သင့်အား စိတ်သက်သာရာ ရစေပါလိမ့်မည်။

## ယခုနှစ်တွင် အမေရိကန်ကလေးငယ် သန်းဝက်ခန့်နေအိမ်တွင်ပင် ပညာသင်ကြားနေကြသည်။

နယူးဂျာစီနေအိမ် ပညာရေးဆောင်ရွက်သူများ၏ နက်တ်ဝဲ့ခ် သတင်းလွှာ၊ နယူးယောက်တိုင်းမ်စ် (ဝီလျံဂျေဝါရင် Willian J. Warren) နှင့် အမေရိကန် ပရက်စ် (American Press - Lauren Blau) တို့မှဆောင်းပါးစုစည်းချက်။

ယခုနှစ်တွင် အမေရိကန်နိုင်ငံတစ်လျှောက်ရှိ ကလေးငယ်သန်းဝက်ခန့်သည် စာသင်ကျောင်းများသို့ ပြန်လည်တက်ရောက်ခြင်း မပြုကြတော့ပါ။ ထို့ပြင် ၎င်းတို့နံနက်စာစားသည့် စားပွဲတွင်ပင် မေမေနှင့်ဖေဖေက ဆရာများအဖြစ် တာဝန်ယူမည့် အရေး၊ အဖတ် အတွက် သင်ခန်းစာများကို သင်ယူကြပါလိမ့်မည်။

တိကျခိုင်မာသေ အရေအတွက်မရှိပါ။ သို့သော် အမေရိကန်ပြည်ထောင်စု ပညာရေးဌာနက ၁၉၈၅ ခုနှစ် ခန့်မှန်းချက်အရ ကလေးငယ်ပေါင်း ၂၆၀,၀၀၀ ကျော်ခန့် နေအိမ်တွင်ပင် ပညာသင်ကြားကြသည်ဟု ဆိုပါသည်။ အမေရိကန်ပြည်ထောင်စု ပညာရေးဌာနမှ မူဝါဒရေးရာ သုတေသနပညာရှင် ပက်ထရစ်စီယာ လိုင်းစ် (Patricia Lines) က ယခုအခါ ကလေးငယ် ၅၀၀,၀၀၀ ထက်မနည်း နေအိမ်တွင်ပင် ပညာသင်ကြားလျက်ရှိကြောင်း ပြောကြားပါသည်။ (ဂျွန်နစ္စဘက်တ် John Naisbett ၏ ၁၉၈၂ ခုနှစ်အတွက် ရောင်းအကောင်းဆုံးစာအုပ်ဖြစ်သော Megaterends တွင် ကလေးငယ် ၁သန်းထက်မနည်းကြောင်း ဖော်ပြထားသည်။) တောင်ပိုင်းနှင့် အနောက်ပိုင်းပြည်နည်များတွင် နေအိမ်ပညာသင်ကြားရေး လှုပ်ရှားမှုများကို ကျယ်ပြန့်စွာအာရုံ စူးစိုက်လျက်ရှိပြီး ဘုရားကျောင်းများတွင်လည်း ဘာသာရေးအကြောင်းပြချက်များအတွက် စုစည်းလျက်ရှိကြပါသည်။

ထိုသို့ဆောင်ရွက်လိုမှုနှင့် မည်သို့ဆောင်ရွက်မည်ဟူသော ကိုယ်ပိုင်အယူအဆများ မိသားစုတိုင်းတွင် ရှိပါသည်။ သူတို့ကလေးများရရှိမည့် ပညာရေးအမျိုးအစားကို မိဘများရွေးချယ် သင့်သည်ဟူသော ယုံကြည်မှုမှာ မိဘအားလုံး အတူတူပင်ဖြစ်ပါသည်။

မိမိတို့၏ သားသမီးများကို နေအိမ်တွင်ပညာသင်ကြားပေးရန် ဆုံးဖြတ်သောမိဘများက ဟဲဝစ်တ် သုတေသနအဖွဲ့ (Hewitt Research Foundation) ကိုတည်ထောင်သူ၊ ယခင်ဆရာဟောင်းဖြစ်ပြီး တက္ကသိုလ်ပါမောက္ခနှင့် အမေရိကန်ပြည်ထောင်စု ပညာရေးဌာနမှ အတွေ့အကြုံရင့်ကျက်သော ပညာပေးရေးမှူးဖြစ်သည့် ဒေါက်တာ ရေမွန်မိုရေး (Dr. Raymond Moore) ၏ သင်ကြားမှုများကို ရည်ညွှန်းပြောဆိုကြပါသည်။ သူ၏အဖွဲ့ငယ်သည် ကျောင်းသား ၅၀၀၀ ကျော်ကို သင်ကြားရေးအစီအစဉ်များ ဖြည့်ဆည်းပေးနေခြင်း ဖြစ်ပြီး၊ အဆိုပါ ကျောင်းသားများသည်လည်း ပြည်သူပိုင်ကျောင်းများရှိ ကျောင်းသားများထက် ထူးခြားသော ပညာရေးအောင်မြင်မှုများကို ရရှိခဲ့ကြသည်။ မစ္စလိုင်းစ်က ကျောင်းသားများ နေအိမ်တွင် ပညာသင်ကြားသည့် ကျောင်းသားအရေအတွက်က ဒေါက်တာမိုရေး၏ ရှင်းလင်းချက်ကို အခိုင်အမာ ဖြစ်စေပါသည်။

“နေအိမ်တွင် ပညာသင်ကြားသူများသည် များပြားသော အကျိုးကျေးဇူးများကို ရရှိကြသည်” မိုရေးက ပြောပြခဲ့သည်။ ထို့ပြင် “ထိုသူတို့သည် ရွယ်တူများကို အားကိုးအားထားပြုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးဘဝင်မြင့်မည့်အစား လူမှုဆက်ဆံရေးပြေပြစ်ကာယဉ်ကျေးသိမ်မွေ့ကြသည်” ဟုဆက်လက်ရှင်းပြပါသည်။ မိုရေးသည် ခရစ်ယာန်ဘာသာရေး အသံလွှင့်ဌာနမှ အသံလွှင့်ဟောပြောလေ့ရှိသည်။ (ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း၊ ကိုယ့်ကိုယ်ကိုယ်မြတ်နိုးခြင်း၊ ကိုယ့်ကိုယ်ကိုချစ်ခင်ခြင်း၊ အတ္တပဓာန)

နေအိမ်တွင် ပညာသင်ကြားပေးသူများက ၎င်းတို့၏ သားသမီးများသည် တစ်ဦးချင်းစီ ညွှန်ကြားပြသခြင်း၊ ခိုင်မာသော မိသားစုသံယောဇဉ်ရှိခြင်းတို့မှ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးကို ခံစားကြရသည်ဟု ဆိုကြပါသည်။ ထို့ပြင် ကလေးများသည် တစ်နေ့တာအတွက် အချိန်အနည်းငယ်မှသာ အခြေခံများကို သင်ယူနိုင်ကြသည်ဟု ဖေါ်ပြပါသည်။ နေအိမ်တွင် ပညာသင်ကြားရန် တိုက်တွန်းနှိုးဆော်သူများက ကလေးများအား ရွယ်တူခြင်းဖိအားပေးမှုများမှ အကာအကွယ်ပြုပေးရေးနှင့် ပတ်သက်ပြီး ပြည်သူပိုင်ကျောင်းများမှ ဆရာများ၏ အရည်အသွေးများကို မယုံမရဲဖြစ်နေကြပါသည်။ ထို့ပြင် သူတို့ကလေးများ၏ ကျန်းမာရေးနှင့် ပြစ်မှုကျူးလွန်ခြင်းမရှိရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း မပြုရေး၊ (AIDS) ကူးစက်မည့်ဝန်းကျင်မှ ကင်းဝေးရေးတို့အတွက် စိုးရိမ်ပူပန်လျက်ရှိကြပါသည်။

ကာလီဖိုးနီးယား ဒေါင်းနေမှ သတ္တမနေ့ပြန်လည် ရှင်သန်ထမြောက်ခြင်းအဖွဲ့ဝင် ရှာရွန်ဝီယာ (Sharon Weir) က သူမ၏ သမီးကြီး ၂ယောက်ကို အခြေခံပညာသင်နှစ်များအတွင်း နေအိမ်တွင်ပင် ပညာသင်ကြားပေးခဲ့ပြီး သူမ၏ ၄နှစ်သမီးကလေးကိုလည်း ကျောင်းနေအရွယ်ရောက်လျှင် နေအိမ်တွင်ပင် ပညာသင်ကြားပေးရန် စီစဉ်ထားကြောင်း ပြောပြသည်။

“ကျွန်မရဲ့ကလေးတွေကို မကောင်းမှုတွေ လွှမ်းမိုးနေတဲ့ ဘယ်ဝန်းကျင်ကမဆို ခပ်ကင်းကင်းရှိစေချင်တယ်။ ရှင်သာ အိမ်မှာ ပညာသင်ပေးရင် ရှင်နဲ့ရှင့်ကလေးဟာ အမေနဲ့သား၊ တစ်ဦးချင်းသင်ရတာပဲ။ ရှင့်ကလေးအတွက် အရေးကြီးလာတာကို ရှင်သိတယ်” ဟုဆက်လက် ပြောပြသည်။

ပက်ထရစ်စီယာ လိုင်းစ်ကလည်း “ကလေးတွေကို ကျောင်းထာတာနဲ့ ပတ်သက်ပြီး လူတွေရဲ့တုန့်ပြန်မှုလို့ ကျွန်မထင်တယ်” ဟုဆိုပါသည်။

ကာလီဖိုးနီးယားတွင် ကလေး ၂၁၀၀ ခန့်ကို နေအိမ်တွင်ပင် ပညာသင်ကြားပေးရန် မှတ်ပုံတင်ထားကြပြီး သင်ကြားတဲ့အခါ လိုအပ်မယ့် ကိစ္စတွေကိုကတော့ မသေချာသေးဘူးဟု အစိုးရပညာရေးဌာနမှ နေအိမ်ပညာသင်ကြားရေး အကြံပေးပုဂ္ဂိုလ်မ် ဖရက်ဒ်ဖာနန်ဒက်ဇ် (Fred Frenandes) ကရှင်းပြပါသည်။ နေအိမ်ပညာရေးအတွက် ခိုင်မာတဲ့လမ်းညွှန်ချက်တွေ ထုတ်ပြန်ထားတာမရှိသေးကြောင်း၊ သင်ကြားသူများ၏ အရည်အသွေးများနှင့် ပတ်သက်၍သာ ဥပဒေများပြဋ္ဌာန်းထားကြောင်း ပြောခဲ့သည်။ တောင်ပိုင်းကာလီဖိုးနီးယား၊ အော့ရင့်ချ်ပြည်နယ်တွင် နေအိမ်ပညာရေးအစီအစဉ်ကို ဆောင်ရွက်နေသူ ရက်ဒ်ဘောလ်ဖိုး (Red Balfour) က တိုးတက်လာသော လှုပ်ရှားမှုများကို စိတ်ဝင်စားကြသော မိဘများ၏ ဖုန်းဆက်မေးမြန်းမှုကို တစ်နေ့လျှင်အနည်းဆုံး ၅ကြိမ်ခန့် ဖြေဆိုရကြောင်း ပြောခဲ့ပါသည်။

## ဥပဒေနှင့်နေအိမ်ပညာရေး

ကလေးများကို နေအိမ်တွင် ပညာသင်ကြားပေးကြသော မိသားစုပေါင်း ၁၂၀၀၀ ရှိသည့် တက္ကဆက် (Texas) တွင် နေအိမ်ပညာရေးကို တရားစွဲဆိုသောအမှု၌ အဆိုပါ လှုပ်ရှားမှုက တက္ကဆက်ပြည်နယ်အစိုးရနှင့် ခရိုင်မျာရှိကျောင်းပေါင်း ၁၁၀၀ ကို ၁၉၈၇ ခုနှစ်တွင် အနိုင်ရရှိခဲ့သည်။ နေအိမ်ပညာရေး ဥပဒေရေးရာအဖွဲ့က ဦးဆောင်ခုခံကာကွယ်ခဲ့သော ထိုအမှုတွင် ကျောင်းထားရန်ပျက်ကွက်သောဥပဒေအရ တရားစွဲဆိုခြင်းခံရသော မိဘများအား တရားစွဲဆိုခွင့်ကို ရပ်ဆိုင်းနိုင်ခဲ့သည်။ ပြည်နယ်အစိုးရက အယူခံထားဆဲဖြစ်သည်။

နေအိမ်ပညာရေး ဥပဒေရေးရာအဖွဲ့သည် ဂရိတ်ဖောလ်စ် (Great Falls) တွင်အခြေစိုက်ပြီး ၎င်း၏အဖွဲ့ဝင် ၉၀၀၀ ကျော်အတွက် ဥပဒေအကြံပေးခြင်းနှင့် လိုက်ပါလျှောက်လှဲခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း၊ အဖွဲ့၏ဒုတိယဥက္ကဋ္ဌ ရှေ့နေကြီး ဂျေမိုက်ကယ်စမစ်သ် (J. Michael Smith) ကပြောပြသည်။ သူ၏အဖွဲ့သည် ၁၉၈၇ – ၈၈ ခုနှစ်ပညာသင်နှစ်တွင် ၂မှုကို လိုက်ပါဆောင်ရွက်ခဲ့ရာ၊ အဆိုပါ ၂မှုစလုံးကို တရားရုံးတွင် ပ လပ်ခြင်းခံရကြောင်း ပြောပြသည်။ ၁၉၈၂ ခုနှစ်ကတည်းက ပြည်နယ် ၂၇ခုတွင် နေအိမ်ပညာရေးအတွက် အနိမ့်ဆုံးလိုအပ်ချက်များကို သတ်မှတ်ပေးခဲ့ပြီး ဖြစ်သည်။ ယခုအခါ “နေအိမ်ညွှန်ကြားမှု” သို့မဟုတ် “နေအိမ်ပညာရေး” ကိုဥပဒေအရ ပြည်နယ် ၃၀တွင် ခွင့်ပြုခဲ့ပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။ ပြည်နယ်အားလုံးတွင် ယေဘုယျအနေအထားတွင် ရှိနေသည့်တိုင် ကျန်ပြည်နယ်များတွင် နေအိမ်ပညာရေးဆိုင်ရာ သီးခြားပြဋ္ဌာန်းချက်များ မရှိသေးပေ။ အချို့ပြည်နယ်များတွင်နေအိမ်ပညာရေးကို ဒေသန္တရကျောင်းကြီးကြပ်ရေးမှူးထံတွင် အတည်ပြုချက်ရရှိရန် လိုသော်လည်း အတည်ပြုရေးဆိုင်ရာ လိုအပ်ချက်များမှာ တစ်ဦးနှင့်တစ်ဦး တစ်နေရာနှင့်တစ်နေရာ ဝိဝါဒကွဲပြားနေကြသ်။ ထိုပြဿနာကို ပြည်နယ်အနည်းငယ်တွင်သာ စတင်ခြင်းမပြုရသေးပါ။

နေအိမ်ပညာရေး ဆောင်ရွက်သူများတွင် မည်သည့်အခက်အခဲမျှ မရှိကြပါ။ မိဘများသည် ဥပဒေကိုနှံ့စပ်ကျွမ်းဝင်ကြပြီး သတင်းအချက်အလက်များကို အပြည့်အစုံရရှိကြကာ ကျောင်းအာဏာပိုင်များနှင့်လည်း ပြဿနာမရှိနိုင်ဟု ယုံကြည်ကြသည်။ နေအိမ်ပညာရေးသည် တရားဝင်ကြောင်း၊ ဥပဒေအရခွင့်ပြုထားကြောင်းကို ပညာရေးဆိုင်ရာအရာရှိ အတော်များများ မသိကြပါ။ မိဘများကပင်

သူတို့ကို ပညာပေးရမလို ဖြစ်နေသည်။ မသင်မနေရ ပညာရေးဥပဒေပါ စကားအသုံးအနှုန်းများကို ပြန်လည်စီစစ်ကြပါရန် ၎င်းတို့ ပြည်နယ်အစိုးရက မိဘများကိုအကြံပြုထားသည်။ အချို့ပြည်နယ်များတွင် နေအိမ်ပညာရေး ကျင့်သုံးမှုကိုဖြေရှင်းပေးနိုင်သည့် တိကျသောဥပဒေများ မရှိကြပါ။ ကလေးများအား နေအိမ်တွင် သင်ကြားပေးခြင်းဖြင့် အရည်အသွေးပြည့်ဝမှု ရှိမရှိဟူသော အငြင်းအခုန်ပြဿနာများ မြင့်မားလာလျက်ရှိပါသည်။

အချို့မိဘများသည် သူတို့၏ သားသမီးများအတွက် ကိုယ်ပိုင်အလွတ် ပညာသင်ကျောင်းကလေးများကို စတင်ရန်လိုလားကြသည်။ နေအိမ်ပညာရေးဆိုင်ရာ ထုတ်ပြန်သောပြည်နယ်၏ စည်းကမ်းချက်များမှာ လွယ်ကူသည်ရှိသလို ခက်ခဲသည်လည်း ရှိသည်။ အချို့ပြည်နယ်များတွင်မူ မိသားစုတစ်ခုက သူ၏နေအိမ်ပညာရေးအတွက် ခရိုင်နှင့်ဌာနဆိုင်ရာများကလည်း နေအိမ်ပညာရေးဆိုင်ရာ တရားဝင်ပြဋ္ဌာန်းချက်များကို ကျေနပ်မှုရှိကြပါသည်။

## နေအိမ်ပညာရေးကိုပံ့ပိုးသည့်အဖွဲ့အစည်းများ

မိသားစုများတွေ့ဆုံပြီး အကြံဉာဏ်များဖလှယ်ရေးနှင့် ကလေးများအနေဖြင့် အခြားသူများနှင့် အပြန်အလှန်ဆက်ဆံခွင့် ရရှိရေးအတွက် ပံ့ပိုးကူညီသည့်အဖွဲ့များ၊ တစ်နိုင်ငံလုံးတွင် ပေါ်ပေါက်လျက်ရှိပြီး ထိုသူများက နေအိမ်ပညာရေး အယူအဆမြင့်မားရေးတွင် တက်ကြွစွာဆောင်ရွက်လျက် ရှိကြသည်။

ကလေးငယ်တစ်ဒါဇင်ခန့်မျှရှိသော ရိန်းဘိုးကစ်ဒ် (Rainbow Kids) တွင် ကာလီဖိုးနီးယား ယောဘလင်ဒါ(Yorba Linda) ၏သား ၇နှစ်အရွယ် ဂယ်ရီမက်အင်တီရီလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ထိုအဖွဲ့တွင် နေအိမ်တွင် ပညာသင်သော ကလေးငယ်များပါဝင်ပြီး ၎င်းတို့၏ မိဘများက စီမံချက်ပြုလုပ်ရန် သို့မဟုတ် လေ့လာရေးခရီးထွက်ရန်အတွက် တစ်ပတ်လျှင်တစ်ကြိမ်တွေ့ဆုံကြသည်။ သူ၏မိခင် ဆူးမက်အင်တီရီ (Sue McIntire) က သူမ၏သားငယ်ကို နေအိမ်တွင် ပညာသင်ပေးရခြင်းကိုပို၍ သဘောကျကြောင်း၊ အကြောင်းမှာ ပြည်သူပိုင်ကျောင်းများတွင် ကလေးများတွေ့ကြုံရသော လူမှုရေးပြဿနာများကို သူမမကြိုက်၍ ဖြစ်ကြောင်း၊ နေအိမ်တွင် ဂယ်ရီကိုပို၍ အလေးထားသင်ကြားနိုင်ကြောင်း၊ သူ့အနေဖြင့် လျင်မြန်စွာနားလည်လျှင် အရှိန်မြှင့်၍သင်ကြားနိုင်ပြီး နားလည်ရန်ခဲယဉ်းပါက အရှိန်ကိုလျှော့၍ သင်နိုင်ကြောင်း ပြောပြပါသည်။

လူအန်နီ ရှက်ဘယ်လ်ဖော့ဒ် (Luanne Shackelford) သည် "နေအိမ်ပညာရေးလမ်းညွှန်" စာအုပ်ကို ရေးသားသူဖြစ်ပြီး သူမသည်လည်း နေအိမ်ပညာရေးကို ကျင့်သုံးသောမိခင်တစ်ဦးဖြစ်ကာ သူမ၏နေအိမ် ပညာသင်ကြားရေး အတွေ့အကြုံများက မိသားစု ၁၅၀ ကိုပံ့ပိုးပေးသော အဖွဲ့တစ်ခုဖြစ်လာပါသည်။ သူမက "အဓိကရည်ရွယ်ချက်ကတော့ အချင်းချင်းပံ့ပိုးကူညီပြီး အပြန်အလှန်အားပေးဖို့ဖြစ်ပါတယ်။ နေအိမ်ပညာရေးကို ဆောင်ရွက်တဲ့မိခင်တွေဟာ အချင်းချင်းရဲ့ဝန်ထုပ်ဝန်ပိုးတွေကို အတူတူမျှဝေထမ်းကြရပါမယ်။ ကျွန်မတို့ရဲ့ ဝန်ထုပ်ဝန်ပိုးတွေ ပြဿနာတွေနဲ့ စိတ်သောကတွေကို မျှဝေခြင်းဖြင့် ကျွန်မတို့တစ်ဦးတည်း ဒီလိုခံစားနေရတာ မဟုတ်ဘူး။ ဒီပြဿနာတွေကို ကျွန်မတို့တစ်ဦးတည်း တွေ့ကြုံရတာ မဟုတ်ဘူးဆိုတာ သိလာရပါမယ်။ အဲဒီပြဿနာတွေအတွက် တစ်ချို့မိဘတွေဟာအဖြေရှာတွေ့ကြတယ် ဆိုတာကိုလည်း လေ့လာသိရှိနိုင်ကြပါတယ်" ဟုရှင်းလင်းပြောပြပါသည်။

## နေအိမ်ပညာရေးနှင့်ဂျွန်ဟော့တ်

ဂျွန်ဟော့တ် (John Holt) သည် ထင်ရှားသောပညာပေးသူ၊ စာရေးဆရာနှင့် ကျောင်းဆရာဟောင်းတစ်ဦးဖြစ်ပြီး အမေရိကန်၏ခေတ်ပြိုင်ပညာရေးကို ဦးဆောင်ဝေဖန်သူတစ်ဦး ဖြစ်လာခဲ့သည်။ သူရေးသားခဲ့သော စာအုပ်များအနက် ၄အုပ်မှာ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး ပတ်သက်ပြီး အငြင်းအခုန်များ ပေါ်ပေါက်လာအောင် ဂယက်ရိုက်စေခဲ့ပြီး ၎င်းတို့၏ သားသမီးများကို နေအိမ်တွင်ပင် ပညာသင်ကြားပေးကြသော မိဘထောင်ပေါင်းများစွာကို အားပေးခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် မျက်မှောက်ခေတ်နေအိမ်ပညာရေး၏ ရှေ့ဆောင်လမ်းပြသူအဖြစ် သူ့အားအသိအမှတ်ပြုထားကြသည်။ (မစ္စတာဟော့တ်သည် ၁၉၈၅ ခုနှစ်တွင်ကွယ်လွန်ခဲ့သည်။) သူ၏ "ကိုယ်ပိုင်ဟန်ဖြင့် သင်ကြားခြင်း" (Teach You Own) စာအုပ်တွင် မစ္စတာဟော့တ်က "လူတွေဟာ သူတို့သားသမီးတွေကို ဘာဖြစ်လို့ ကျောင်းထုတ်ကြတာလဲ။ ဘာကြောင့်များ ကျောင်းမထားကြတာလဲ။ အကြောင်းပြချက် ၃ခုရှိပါသည်။ သူတို့သားသမီးများအား ပြုစုပျိုးထောင်ရေးသည် အစိုးရ၏ အလုပ်မဟုတ်။ သူတို့၏အလုပ်သာ ဖြစ်သည်ဟုယူဆခြင်း။ သူတို့ကလေးငယ်များနှင့်အတူ ရှိနေပြီး ကလေးများ၏ ပညာရေးကို စောင့်ကြည့်ကူညီလိုခြင်းနှင့် ထိုတာဝန်အား အခြားသူများသို့ မပေးအပ်လိုခြင်း။ သူတို့ကလေးများ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ စိတ်ဓါတ်ရေးရာပိုင်း ထိခိုက်ခြင်းမှ ကာကွယ်ထိန်းသိမ်းလိုခြင်းတို့ပင် ဖြစ်သည်။

၁။ "ထိုသို့သော မိဘများမည်မျှရှိသနည်း။ ၂။ ထိုသူများသည် မည်သို့သော လူစားမျိုးများနည်းဟူသော မေးခွန်းများအတွက် လိုရင်း တိုရှင်းအဖြေမှာ ၁။ မည်သူမျှမသိပါ။ ၂။ လူအမျိုးအစား အားလုံးပင်ဖြစ်ပါသည်" ဟုရေးသားထားပါသည်။

"မိသားစုမည်မျှ မိမိတို့ကလေးများအား နေအိမ်တွင် ပညာသင်ကြားခြင်းကို မသိနိုင်သည့် အကြောင်းတစ်ရပ်မှာ အချို့မိဘများသည် သားသမီးများအား အိမ်တွင်ပညာသင်ကြားနေကြကြောင်း ဒေသန္တရကျောင်းများက သိရှိသွားလျှင် သူတို့ကလေးများအား

ဒဏ္ဍပေးမည်ကို စိုးရိမ်ကြသဖြင့် လျှို့ဝှက်ထားခြင်းကြောင့် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ၎င်းတို့သားသမီးများအား ဒေသန္တရကျောင်းများ မှဖုံးကွယ်ထားကြပြီး သားသမီးများရှိမှန်းပင် အသိမပေးကြပေ။ တစ်ခါတစ်ရံတွင်လည်း သူတို့ကလေးများကို အခြားအလွတ်ပညာသင် ကျောင်းများတွင် အပ်ထားသည်ဟု ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဒေသန္တရကျောင်းများကို ပြောပြကြသည်။ သို့မဟုတ်ပါက လည်းသူတို့၏ နေအိမ်ကို ကျောင်းအဖြစ် မှတ်ပုံတင်ထားခြင်းဖြင့် အလွယ်တကူရှင်းလင်း နိုင်ပေသည်။ အချို့သော မိသားစုအနည်း ငယ်မှာမူ ဘုရားကျောင်းနှင့် ဆက်စပ်ဖွင့်လှစ်သော ကျောင်းသဖွယ် မှတ်ပုံတင်ထားကြသည်။ ထို့ကြောင့် လူအများနည်းလည်သော သီးခြားအဆောက်အဦးများ၊ ငွေထားသော ဆရာများရှိသည့် ကျောင်းများကဲ့သို့ အင်္ဂါရပ်များနှင့် ပြည့်စုံသောမှတ်ပုံတင်ထားသည့် အလွတ်ပညာသင်ကျောင်း မည်မျှရှိသည်ကို မည်သည့်ပြည်နယ်တွင်မျှ မသိရှိနိုင်ပေ။ ထို့ပြင် မိဘများက သင်ကြားပေးသော အရောင် ဆောင်နေအိမ်ပေါင်း မည်မျှရှိသည်ကိုလည်း မသိရှိနိုင်ပေ" ဟုဖော်ပြထားပါသည်။

## နေအိမ်ပညာရေးအောင်မြင်မှုအဖြစ်အပျက်များ

ကာလီဖိုးနီးယား ဘွန်းဗီလီး (Boonville) ကျေးလက်ဒေသမှ မစ်ကီနှင့်ဂျေ ဒေးဗစ် ကောလ်ဖက်စ် (Micki & J. David Colfax) တို့ဉည် နေအိမ်ပညာရေး လှုပ်ရှားမှုများတွင် နိုင်ငံ၏ထင်ရှားသူများ ဖြစ်လာကြသည်။ သူတို့၏ သားသမီးများ သည်မည်သည့် အတန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်းများတွင်မှ တက်ရောက်သင်ကြားခြင်းမရှိခဲ့ပေ။ "ပြည်သူပိုင်ကျောင်း တွေမှာ အထူးသဖြင့် အထက်တန်းကျောင်းတက်တဲ့ အရွယ်ကလေးတွေဟာ ခေတ္တဉာဏ်ကို ဖြုန်းတီးနေကြတယ်။ အချိန်တွေကိုလည်း ဖြုန်း တီးနေကြတယ်" ဟု မစ္စက် ကောလ်ဖက်စ်က ပြောကြားခဲ့သည်။ မစ္စတာနှင့် မစ္စက်ကောလ်ဖက်စ်တို့ နှစ်ဦးစလုံး ကျောင်းဆရာဟောင်း များဖြစ်ပြီး သူတို့သည် ဆန်ဖရန်ဆစ္စကို၏ မြောက်ဘက် မိုင် ၁၀၀ခန့် ဝေးသောနေရာသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ၁၉၇၃ခုနှစ်တွင် ၎င်းတို့၏ သားသမီးများကိုစတင်၍ ပညာသင်ကြားပေးခဲ့သည်။ သူမအနေဖြင့် ပြည်သူ့ပညာရေးစနစ်ကို စိတ်မဝင်စားဟုဆိုပါသည်။ သူမ၏အကြီးဆုံးသား ၂၃နှစ် ရှိ ဂရန့်ထ် (Grant) သည် ၁၉၈၇တွင် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး သူ၏ညီငယ် အသက် ၂၀ရှိ ဒရူး (Drew) နှင့် အသက် ၁၈နှစ်ရှိ ရီးဒ် (Reed) တို့သည် တက္ကသိုလ် တက်နေကြောင်း၊ စတုတ္ထမြောက်သား အသက် ၁၃နှစ်ရှိ ဂါ့သ် (Garth) ကမူ အိမ်မှုတာဝန်များကို ကူညီဆောင်ရွက်ပေးနေပြီး မည်သည့်အခါမျှ ကျောင်းမနေကြောင်းကိုပါ မစ္စဘ် ကောလ် ဖက်စ် ကပြောပြပါသည်။

ဗြိတိန်မှ ကွန်ပျူတာအကြံပေး ပညာရှင် ဟယ်ရီလောရင့်စ် (Harry Lawrence) သည် သူ၏ ဉာဏ်ထက်မြက်သော သမီးလေးကို ကြီးကြပ်သင်ကြားပေးရန် အလုပ်မှနုတ်ထွက်ခဲ့သည်။ အသက် ၁၃နှစ်ရှိသော သူ၏သမီးကလေးသည် အောက်စ်ဖို့ (Oxford) တွင် အဆင့် ၁ရကာ အခြားကျောင်းသားများအတွက် အရှက်ရစေခြင်းကား သူ၏ထိုက်တန်သော ကြိုးပမ်းမှုဖြစ်ကြောင်း လော ရင့်စ် ခံယူခဲ့သည်။ သူခံယူရရှိသာ ဆန်ကျင့်ဘက် ဝေဖန်မှုများက အများလက်ခံသောလမ်းကြောင်းမှ ခွဲထွက်ဝံ့သောသူတစ်ဦးအတွက် လူ့အဖွဲ့အစည်းတွင် မည်သို့ဖြစ်ပေါ်တတ်ကြောင်းကို ညွှန်ပြနေပါသည်။ သူ့သမီးငယ်အား သဘာဝမကျသော မညီမျှသော ဘဝလမ်း ကြောင်းပေါ်သို့ တွန်းပို့နေသည်။ သာမန်ဆယ်ကျော်သက် ကလေးတစ်ဦးအဖြစ် ကြီးပြင်းလာခြင်းကို ဟန့်တားပိတ်ပင်နေသည်ဟု သူ့ကိုစွပ်စွဲဝေဖန်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သိကြသည့်အတိုင်း ဆယ်ကျော်သက်အများစုသည် အထူးသဖြင့် ဆယ်ကျော်သက် မိန်းကလေးများသည် ယောကျ်ားကလေး သူငယ်ချင်းများကို စိတ်ကူးရင်း ဆံပင်များကို အရောင်ဆိုးရင်း သူတို့၏ဦးနှောက်များကို ပေါ့ပ်သီချင်းများဖြင့် ညစ်ညူးခံရင်း အချိန်ဖြုန်းနေကြသည်။ ယင်းသည်ပင် သာမန်ဆယ်ကျော်သက် ကလေးတစ်ဦးအဖြစ် ကြီးပြင်း ခြင်းပေလော။ အောင်မြင်မှုများကို သယ်ပိုးလျက်၊ အသက်မွေးဝမ်းကျောင်းအလုပ်ကို မျှော်မှန်းနေသော ရုသ် (Ruth) သည် ထူးထူး ခြားခြား မပျော်ရွှင်ပုံ စိတ်မချမ်းသာပုံလည်း မရပါ။ မည်သည့်အခွင့်အရေးမျှလည်း လက်လွတ်ဆုံးရှုံးခြင်း မရှိခဲ့ပါ။ သူမတွင်သူ့အရွယ် မိန်းကလေးအများစုတွင် ရှိတတ်သည့် တည်ငြိမ်အေးဆေးမှု၊ မိမိကိုယ်မိမိ ထိန်းသိမ်းမှုနှင့် ယုံကြည်မှုတို့ အပြည့်အဝရှိနေပါသည်။

## နေအိမ်ပညာရေး၏အားသာချက်များ

အမေရိကန်လူမျိုး သန်းဝက်ခန့်သည် သူတို့၏ သားသမီးများကို နေအိမ်တွင်ပင် ပညာသင်ပေးရန် အဘယ်ကြောင့် ဆုံးဖြတ် ခဲ့ကြသနည်း။ အကြောင်းပြချက် သန်းဝက်ခန့်ရှိနိုင်ပါလိမ့်မည်။ ယင်းတို့အနက် အကောင်းဆုံးအကြောင်းပြချက်မှာ နေအိမ်ပညာရေး သည်လူတိုင်း၏ လိုအပ်ချက်နှင့် ကိုက်ညီပြီး ပြည့်သူ့ကျောင်းများ ပံ့ပိုးနိုင်သည့် အခြေအနေထက်ပို၍ သာလွန်ကောင်းမွန်ခြင်းပင်ဖြစ် သည်။

တကယ်တန်းအားဖြင့် လူပေါင်းများစွာတို့သည် သူတို့၏ သားသမီးများကို မည်သည့်နည်းဖြင့်မဆို နေအိမ်တွင် ပညာသင် ကြားပေးကြရမည်။ သင်ကြားပေးနေကြသည်။ သူတို့သည် အခြားဝေးလံသောခေါင်းပါးသော ဒေသများတွင် နေထိုင်ကြပြီး ကျောင်းမ ထားနိုင်ကြပါ။ အချို့တွင် ကျန်းမာရေးပြဿနာများ သို့မဟုတ် ကိုယ်ခန္ဓာ ချို့ယွင်းမှုများ ရှိနေသဖြင့် ကလေးများကို အိမ်တွင် ပင်ပညာသင်ကြား ပေးကြသည်။ အချို့မိဘများကလည်း အလုပ်လုပ်နေကြရပြီး မကြာခဏခရီးသွားကြရမည်။ ပြောင်းရွှေ့ကြရသည်။

ကလေးငယ်က စိတ်ခံစားမှုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့၍ဖြစ်စေ၊ ကျောင်းတက်နိုင်စွမ်းမရှိသဖြင့် ဆေးခွင့်ဖြင့် ကျောင်းထုတ်ထားကြရသည်။ ဘာသာရေးယုံကြည်မှုများ၊ လွတ်လပ်စွာကိုးကွယ် ဝတ်ပြုမှုနှင့် နေအိမ်၏ ဘာသာရေးကိစ္စများက ကလေးငယ်၏ ပုံသွင်းလွယ်သော တိမ်းညွတ်လွယ်သော နှစ်များတွင် မလိုလားအပ်သော အန္တရာယ်များဖြစ်စေနိုင်သည်။ သို့မဟုတ် ရှုတ်ထွေးမှုများ ဖြစ်နိုင်ပေသည်။ မိဘနှင့် ကျောင်းအကြား ပြင်းထန်သောစိတ်ဓါတ်၊ ကျင့်ဝတ်နှင့် ယဉ်ကျေးမှု ကွာဟချက်များလည်း ရှိနိုင်ပါသည်။ ကလေးငယ်သည် သူ၏ဘာသာရေးအတွက် သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ စိတ်ဓါတ်မွေးမြူရေးအတွက် လွဲမှားစွာပြုမူခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်း ခံရနိုင်ပေသည်။ အခြားကျောင်းသားများက အန္တရာယ်ရှိသော လက်နက်များယူဆောင်လာသော၊ မူးယစ်ဆေးဝါးခိုးသွင်းလာသောနေရာများသို့ သူတို့ကလေးငယ်အားပို့လျှင် ကလေးငယ်၏ ဘဝအတွက် စိုးရိမ်သောက ရောက်နိုင်ပြန်ပေသည်။ ထို့ပြင် လိင်မှုကိစ္စ၊ အရက်၊ ဆေးလိပ်၊ ကိုယ်ခန္ဓာအလွဲသုံးမှု၊ ရော့ခ်ဂီတစသည်တို့၏ လွှမ်းမိုးမှုခံရမှုလည်း ထိတ်လန့်နေကြသည်။ သားသမီးများအားကောင်းမွန်သော စံများနှင့်မြင့်မြတ်သော တန်ဖိုးများ မွေးမြူပျိုးထောင်ပေးလိုသော မိဘများသည် သူတို့၏သားသမီးများနှင့် လက်ပွန်းတတီးနေရန် အချိန်များစွာလိုပေသည်။

စာရိတ္တပျက်ပြားပြီး အကြမ်းဖက်မှုများရှိသော လူ့အဖွဲ့အစည်းတွင် သင့်ကလေးများအား မတက်မနေရ ပြဋ္ဌာန်းမထားသော ပြည်သူ့ကျောင်းများကို ပို့ခြင်းထက် နေအိမ်တွင်ပင် ပညာသင်ကြားပေးခြင်းက အကျိုးကျေးဇူးများစွာ ပိုမိုရရှိသဖြင့် အောက်ပါအကျိုးကျေးဇူးအချို့ကို စဉ်းစားကြည့်နိုင်ပါသည်။

ကလေးငယ်နှင့် သူ၏မိသားစုသည် အချိန်မရှိ၍ဖြစ်စေ၊ အခွင့်အရေးမရှိ၍ဖြစ်စေ၊ ဟန့်တားခြင်းခံရသော လွတ်လပ်စွာအတူနေခွင့်နှင့် ၎င်းတို့၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘာသာရေးယုံကြည်ခွင့်များ တိုးတက်ခွင့်ရရှိသည်။

ကလေးများသည် အတူတကွ နီးကပ်လာကြပြီး မိဘများနှင့် မွေးချင်းများနှင့် ရှည်ကြာသော သံယောဇဉ်ကြိုးကို ခိုင်မာစွာဖွဲ့နှောင်လာကြသည်။ နေအိမ်တွင် ပညာသင်ကြားခြင်းသည် ပြည်သူ့ကျောင်းများထက်ပို၍ ပြည့်စုံလုံလောက်သည်။ အဘယ်ကြောင့်ဆိုသော်သင်ကြားမှု အချိန်ဇယားသည် ပိုမိုအလျော့အတင်းပြုလွယ်ပြီး တစ်ဦးချင်းစီ၏ လိုအပ်ချက်များ ကလေးငယ်နှင့် နေအိမ်၏လှုပ်ရှားမှုများကို ပိုမိုပြည့်စုံအောင် ဆက်စပ်ပေးပါသည်။

နေအိမ်တွင် ပညာသင်ကြားခြင်းသည် ပြည်သူ့ကျောင်းများအတွက် ပေးသွင်းရသောစရိတ်များ၊ ယင်း၏ မမျှော်မှန်းနိုင်သော အပိုကုန်ကျစရိတ်များထက် များစွာစရိတ်သက်သာပါသည်။

ကလေးငယ်၏ လေ့လာရန်အသုံးပြုရမည့် သင်ရိုးညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်များကို အပြည့်အဝမဟုတ်သည့်တိုင် မိဘများကများစွာထိန်းချုပ်နိုင်သည်။ ကလေးငယ်၏ သင်ကြားမှုမှ လောကီဝါဒနှင့် ဆင့်ကဲဖြစ်စဉ်ဟူသော ဘာသာမဲ့အယူအဆများကို ချန်လှပ်စီစစ်ရန်အရေးကြီးသည်။

နေ့စဉ်သွားလာစရိတ်၊ အခန်းငှားစရိတ်၊ ဝင်ကြေးစသည့် စရိတ်များကို စုဆောင်းထားပြီး ကလေးငယ်၏ ပိုမိုကောင်းမွန်သော ဘဝထူထောင်ရေးတွင် အသုံးပြုနိုင်သည်။

လွတ်လပ်ခွင့်များစွာ ရရှိသည်။ ကြောက်ရွံ့ခြင်းမှ လွတ်လပ်ခွင့်။ ကျရှုံးမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းမှ လွတ်လပ်ခွင့်။ အခြားသူ၏နေရာသို့ သွားရခြင်းမှ လွတ်လပ်ခွင့်စသည်။

နေအိမ်ပညာရေးသည် မိမိကိုယ်မိမိ လေးစားမှုကို တည်ဆောက်ပေးသည်။ ပညာရေးအားထုတ် ကြိုးပမ်းမှုကိုလည်း တိုးတက်စေသည်။ သင့်ကလေးငယ်သည် ပြည်သူ့ကျောင်းများရှိ ၎င်းနှင့် တန်းတူများထက်ပို၍ အသာစီးရနေပေလိမ့်မည်။

ကျောင်းစာသင်ရခြင်းသည် ပျော်ရွှင်ဖွယ်ဖြစ်လာမည်။

တစ်နေ့လျှင် သင်ကြားချိန် တစ်နာရီ နှစ်နာရီခန့်ဆိုလျှင် လုံလောက်ပါသည်။

နေအိမ်ပညာရေးသည် မိဘများအား ကလေးငယ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော သင်ရိုးညွှန်းတမ်းကို ကိုက်ညီအောင်ပြုခွင့် ရရှိစေပါသည်။

နေအိမ်ပညာရေးကို နှစ်သက်သည့်အချိန်တွင် စတင်ပြီး ကြိုက်သည့်အချိန်တွင် ရပ်တန့်နိုင်ပါသည်။ လုံးဝအလျော့အတင်းပြုလုပ်နိုင်သည့်ပြင် မိသားစုတစ်ခုလုံး၏ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးပါသည်။

ခရီးသွားခြင်း၊ အပမ်းဖြေခြင်းနှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ပေါ်ပေါက်သည်နှင့် တစ်ပြိုင်နက် လွယ်ကူစွာအကျိုးခံစားခွင့်ရရှိနိုင်ပါသည်။

ဗြိတိသျှ စိတ်ပညာရှင် မစ္စ ဂျင်း ကိုးလ်မန်း (Ms. Jean Coleman) က စင်စစ်နေအိမ်ပညာရေးသည် ဘဝတွင်အောင်မြင်သူများ ပေါ်ထွက်လာစေရန် လိုအပ်သည့်အရာတိုင်းကို ဖြည့်ဆည်းပေးသည်ဟု ဆိုပါသည်။ မိဘများထံမှ အနီးကပ်အားပေးမှုနှင့် ယှဉ်တွဲနေသော ပျော်ရွှင်တည်ငြိမ်သည့် ကလေးဘဝသည် မြင့်မားစွာအောင်မြင်ရေး ပုံသေနည်းဖြစ်ကြောင်း သုတေသနများက တွေ့ရှိရသည်ဟု ဆက်လက်ရှင်းပြပါသည်။

ဒေါက်တာ ရေမွန်မိုရေးက နေအိမ်တွင် ပညာသင်ကြားကြရသော ကလေးများသည် ပြည်သူပိုင်ကျောင်းများတွင် ပညာသင်ကြားရသော ကလေးများထက် ပိုမိုထက်မြက်ကြကာ ပိုမိုယုံကြည်မှုရှိကြပြီး လူမှုရေးတာဝန်သိတတ်ကြသည်ဟု ဆိုပါသည်။ နေအိမ်တွင်သင်ကြားသော ကလေးတစ်ဦးသည် "သူ့ကိုယ်သူနေအိမ်တွင် မှီခိုရသည်ကိုသိရှိပြီး တာဝန်များနှင့် အိမ်မှုကိစ္စများကို မျှဝေထမ်းဆောင်တတ်ပါက" မိမိကိုယ်မိမိ တန်ဖိုးထားစိတ်နှင့် တည်ငြိမ်သောတန်ဖိုးစနစ် ပိုမိုတိုးတက်ဖွံ့ဖြိုးလေ့ရှိသည်ဟု ဆက်လက်ပြောပြပါသည်။

ထို့ပြင် အသက် ၅နှစ်တွင် ကျောင်းထားသော ကလေးများသည် ၃တန်း ၄တန်း မပြီးဆုံးမီပင် တိုးတက်မှုရပ်တန့်သွားကြသည်ဟု သတိပေးထားပါသည်။ ပုံမှန်ပညာရေး အစီအစဉ်တွင် လိုအပ်သော ရှည်လျားသည့်အချိန်များနှင့် ကန့်သတ်ချက်များကြောင့် ကလေးများ၏အမြင်အာရုံနှင့် အကြားအာရုံများ ပြင်းထတ်စွာပျက်စီးကြရသည်ဟုလည်း ဆက်လက်သတိပေးထားပါသည်။

မွန်ထရီရယ် (Montreal) မှ တယ်ရီဆာ (Teresa) နှင့် ဒန်နီ တစ်တလေ (Danny Tittley) တို့သည် ဒေါက်တာမိုရေး၏ တီဗွီမှဟောပြောချက်ကို ကြားရပြီးနောက် လွန်ခဲ့သော တစ်နှစ် နှစ်နှစ်ခန့်ကတည်းက သူတို့၏ကလေးများကို နေအိမ်တွင်ပင် ပညာသင်ပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ လတ်တလော စစ်ဆေးချက်အရ ၎င်းတို့၏ ၉နှစ်သားလေး နသန် (Nathan) သည် ရှစ်တန်းအဆင့်အထိ စာဖတ်တတ်နေပြီး ညီမငယ် ၇နှစ်သမီးလေးကမူ ဖတန်းအဆင့်အထိ စာဖတ်တတ်နေကြပြီး ၎င်းတို့နှင့်ရွယ်တူဖြစ်သော ပြည်သူ့ကျောင်းရှိ ကလေးများထက် ၄ – ၅နှစ်ခန့် ကြိုတင်ပြီး ဖတ်တတ်နေသည်ကို တွေ့ရှိရသည်။ သာမန်အားဖြင့် မည်သည့်ကလေးကိုမျှ စာဖတ်တတ်အောင် သင်ကြားပေးခြင်း မရှိကြပါ။

ဂျွန်ဟော့တ် (John Holt) က "ကလေးအများစုသည် ၎င်းတို့ကိုယ်ပိုင် ရှာဖွေတွေ့ရှိချက်များကိုသာ လေ့လာသင်ယူကြသည်" ဟုဆိုပါသည်။ ကလေးများသည် ၎င်းတို့၏ ပတ်ဝန်းကျင်လောကကို သဘာဝအရ စူးစမ်းလိုစိတ်ပြင်းပြကြပါသည်။ စူးစမ်းရှာဖွေရာတွင် ကျွမ်းကျင်ပြည့်စုံကြပါသည်။ ကျောင်းများကမူ အပြင်ပန်းချီးမြှင့်မှုများ၊ အပြစ်ပေးမှုများ၊ စစ်ဆေးချက်များနှင့် တင်းကျပ်သောစည်းကမ်းများဖြင့်သာ သင်ကြားပေးကြသည်။ ကျောင်းများတွင် သင်ကြားပေးမှုများက ကလေးငယ်များ၏ စူးစမ်းလိုစိတ်၊ ယုံကြည်မှုနှင့် မေးခွန်းမေးလိုစိတ်များကို နစ်မြုတ်ပျောက်ကွယ်စေပါသည်။ ကလေးများအား ဆရာများက နှုတ်တိုက်ချပေးသည့် အဖြေများကို လွယ်လင့်တကူ စုစည်းသူများဖြစ်လာကြသည်။ ယင်း၏ရလဒ်မှာ ကလေးငယ်များပင်ဖြစ်ပါစေ ကလေးတိုင်းသည် ကိုယ်ပိုင်ကျိုးကြောင်း ဆင်ခြင်မှုနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းကို မည်သည့်အခါမျှ ဖွံ့ဖြိုးတိုးတက်အောင် သင်ယူခြင်းမပြုရခြင်းပင်ဖြစ်သည်။

နေအိမ်တွင် ပညာသင်ကြားပေးသူများက ၎င်းတို့ကလေးငယ်များ၏ ပညာရေးကို နက်နဲစွာတာဝန်ရှိသည်ဟု ခံယူကြပြီး ကျယ်ပြန့်စွာကူညီ ပံ့ပိုးပေးလိုကြသည်။ ပြည်သူပိုင်ကျောင်းများ၏ ပြည်သူ့ပညာရေးသည် ပို၍လွန်ကဲစွာအဖွဲ့အစည်းဆန်လာသည်ဟု ယူဆကြသည်။ ပို၍နယ်ကျဉ်းသည်ဟု သိမြင်လာကြသည်။ သူတို့ဥည် သားသမီးများအား စိတ်ဓါတ်/ စာရိတ္တနှင့် ဘာသာရေး လေ့ကျင့်မှုများကို ပိုမိုအချိန်ယူ လေ့ကျင့်ပေးချင်လာကြသည်။

မီချီဂန်ရှိ စကော့ဗီလီးမှ အာလန်ဟော့တ် (Arlean Haight) က "ကလေးတွေကို ကျောင်းထားရင် သူတို့တစ်နေကုန်ထွက်သွားကြပြီး ညကျတော့မှ အိမ်စာတွေတစ်လှေကြီးနဲ့ ပြန်လာကြတယ်။ ပြီးတော့ အိပ်ချိန်မီအောင် အပြေးအလွှားလုပ်ကြရတယ်။ ဒါပေမဲ့ ခုတော့ သူတို့ကိုအိမ်မှာလဲ စာသင်ပေးတော့တယ်။ အရင်ကနဲ့မတူတော့ဘူး။ သူတို့စာသင်တဲ့ကိစ္စကို မိသားစုတစ်စုအဖြစ် ပါဝင်ကြတယ်။ ကျောင်းစာတွေကို အတူလုပ်ကြတယ်။ လူ့တန်ဖိုးနဲ့ ပတ်သက်တဲ့ကိစ္စတွေကိုတောင် စကားပြောရင်းသင်ပေးဖြစ်ကြတယ်။ အရင်တုန်းက ဒီလိုအချိန်မျိုး မရှိခဲ့ပါဘူး" ဟုပြောပြခဲ့ပါသည်။

## အဘယ်ကြောင့်အိမ်တွင်ပညာသင်ကြားရသနည်း။

မီချီဂန်ပြည်နယ် အန်းအာဘာ (Ann Arbor) ရှိ "နေအိမ်အခြေပြု ပညာရေးအစီအစဉ်" ကိုအုပ်မြစ်ချသူ ဒေါက်တာပက်တ်မောင့်ဂိုမာရီ (Dr. Pat Monthomery) ၏ နေအိမ်ပညာရေးနှင့် ပတ်သက်သော သူမ၏သဘောထားကို အကျဉ်းချုပ်ထားပါသည်။

၁။ မိဘများသည် ၎င်းတို့ကလေးများ၏ ပညာရေးအတွက် မူလအခြေခံအားဖြင့် တာဝန်ရှိကြပါသည်။

၂။ မိဘများသည် စာသင်ကျောင်းဈေးကွက်တွင် စားသုံးသူများဖြစ်ကြသည်။ ထို့ကြောင့် သူတို့တွင် ပညာရေးအစီအစဉ်ကို ထိန်းသိမ်းခွင့်ရှိကြသည်။

၃။ အဆိုပါအစီအစဉ်နှင့် အနီးကပ်ဆုံးဖြစ်သော မိဘများ၊ ကျောင်းသားများနှင့် ဆရာများသည် သင်ရိုးညွှန်းတမ်းကို ပြဋ္ဌာန်းရန် အရည်အချင်း အပြည့်ဝဆုံးဖြစ်သည်။

၄။ ကျောင်းသားများသည် ၎င်းတို့၏အချိန်များကို မည်သို့အသုံးပြုမည်။ မည်သည်တို့ကို လေ့လာမည်ဟူသော ကိစ္စများတွင် အနည်းဆုံးအားဖြင့် တန်းတူပြောခွင့်ရှိသည်။ တစ်ဦးချင်းစီ အလေးပေးသော သင်ယူမှုအတွက် စိတ်ဝင်စားမှုများနှင့် စွမ်းရည်များသည် အရေးကြီးဆုံးနှင့် အကောင်းဆုံးလမ်းညွှန်များ ဖြစ်ကြသည်။

၅။ အဆင့်သတ်မှတ်ခြင်း၊ စစ်ဆေးခြင်းနှင့် အခြားသူများနှင့် ပြိုင်ဆိုင်စေခြင်းစသည့် အလေ့အကျင့်များသည် တစ်ဦးချင်းစီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမှု နည်းပါးသည်။

၆။ ကျောင်းသားတစ်ဦးသည် ပြုလုပ်ခြင်း၊ သူ့အားချစ်မြတ်နိုးသူများ အနီးတွင်နေပြီး ကောင်းသောစာရိတ္တကို အတုခိုးခြင်းတို့ဖြင့်သူတို့၏ လောက၏ သဘောထားအမြင်အားလုံးကို ဖွင့်ဟပြခြင်းဖြင့် လေ့လာသင်ယူကြသည်။

၇။ လောကကြီး/ကမ္ဘာကြီးသည် သင်ခန်းစာပင်ဖြစ်သည်။

နေအိမ်ပညာရေးကို ခုခံကာကွယ်သူ ဒေါက်တာရေမွန်မိုရေးက မိဘများသည် သူတို့သားသမီးများ ပညာရေးအတွက် အဘယ်ကြောင့်ဦးစားပေး ဆုံးဖြတ်ခွင့်ရှိကြောင်းနှင့် ကျွန်ုပ်တို့နိုင်ငံ၏ ဥပဒေ သို့မဟုတ် လူမှုရေးဖိအားပေးမှုများကြောင့် ကလေးများကို စောစီး

စွာအလျင်စလို ကျောင်းမထားသင့်ကြောင်းကို အကြောင်းပြချက်များစွာ ပေးခဲ့သည်။

အချို့မိဘများက သူတို့၏ကလေးများအား ပညာသင်ကြားရေးတွင် ပြည်သူပိုင်ကျောင်းများက သူတို့ထက်ပိုမို စွမ်းဆောင်နိုင်ကြမည်ဟု မယုံကြည်သောကြောင့် သူတို့၏ကလေးများကို အခြေခံပညာအဆင့်တွင် နေအိမ်မှပင် ပညာသင်ကြားလိုကြပြီး အချို့ကိစ္စများတွင် အခြေခံပညာအဆင့်မှ အထက်တန်းပညာအဆင့်အထိ တောက်လျှောက်အိမ်တွင်ပင် ပညာသင်ကြားပေးရန် လိုလားကြသည်။ ကလေးများသည် အဆိုပါ မိဘများ၏ ပူပန်မှုနှင့် ဂရုစိုက်မှုကို စိတ်အားထက်သန်စွာ တုန့်ပြန်ကြကြောင်းနှင့် ပြည်သူ့ကျောင်းများထက် ထူးချွန်ကြကြောင်းကို ခိုင်မာသောအထော်ကအထားများ တွေ့ရှိရသည်။ ထို့ပြင် ကလေးများအား အထီးကျန်မဖြစ်စေဘဲ သူတို့နေအိမ်များသည် အိမ်နီးနားချင်းများ၏ လူမှုရေးဗဟိုဌာနများ ဖြစ်လာကြသည်။ အိမ်နီးချင်းကလေးများက မိဘများ၏ ဂရုစိုက်မှုများကိုလည်း သဘောပေါက်လာကြသည်။

မိဘအများစုသည် ကျောင်းများသည် သူတို့ကလေးများ၏ တစ်ဦးချင်းစီ ခြားနားမှုများအတွက် တာဝန်မယူကြကြောင်း သဘောပေါက်ကြသည်။ စီးပွားဖြစ်ထုတ်လုပ်သော စက်ရုံတစ်ရုံသည် ကျွန်ုပ်တို့ကလေးများ၏ ပညာရေးအတွက် လိုလားအပ်သော ပုံစံမဟုတ်ကြောင်း၊ အဆိုပါ မိဘများအတွက် ရှင်းလင်းစွာသိမြင်နိုင်ပေသည်။ ထူးချွန်သူများ၊ ပါရမီရှင်များသည် ၎င်းတို့၏ သက်တမ်းတစ်လျှောက်ပုံသွင်းသည့် နှစ်များမှစ၍ မိဘများက သင်ကြားပေးခဲ့သူများဖြစ်ပြီး အချို့တို့လည်း တစ်ဦးချင်းအခြေပြု၍ နေအိမ်တွင်သင်ကြားခဲ့ကြသည်ကို သုတသနများက ဖော်ပြထားပါသည်။

ပညာရေးတွင် ကျောင်းသည်နေအိမ်ထက် သာလွန်ကောင်းမွန်းသည်ဟူသော အထောက်အထားများ မရှိပါ။ မိဘများပါဝင်သော နွေးထွေး၍တုန့်ပြန်မှုရှိသော နေအိမ်ဝန်းကျင်လောက် လုံခြုံစိတ်ချမှု အပြည့်ဝဆုံးနေရာ၊ အပြုသဘောဆောင်ပြီး စွမ်းအားပြည့်ဝသော လူမှုရေး အဖွဲ့အစည်းမျိုး မရှိကြောင်းကို သုတေသနလုပ်ငန်းများက ခိုင်မာစွာအကြံပြုထားကြပါသည်။ "ကလေးများအား တစ်ဦးကို တစ်ဦးချင်း သင်ကြားမှု သို့မဟုတ် ၂ဦး ၃ဦး ပါဝင်သော အုပ်စုကလေးများကို အခြေခံသင်ကြားလျှင် ၎င်းတို့သည် ကောင်းစွာတုန့်ပြန်သင်ယူနိုင်စွမ်းရှိကြသည်" ဟု ကလေးစိတ်ပညာရှင်များက ညွှန်ပြကြပါသည်။ သို့သော် စာသင်ခန်းပုံစံမျိုး သို့မဟုတ် အုပ်စုကြီးပုံစံမျိုးတွင်မူ ဖိစီးမှုများရှိတတ်ကြပါသည်။

ယေဘုယျအားဖြင့် အခြေပညာအဆင့်ကလေးများသည် ကျောင်းတက်သည်နှင့် မိမိကိုယ်မိမိ တန်ဖိုးထားတတ်သော အပြုသဘောဆောင်သည့် အသိစိတ်ကို ထိန်းသိမ်းရန်အခက်အခဲ တွေ့တတ်ကြပါသည်။

"ကျောင်းပညာရေး အထောက်အထား" စာအုပ်ကိုရေးသားသူ မေရီပရိုက်ဒ် (Mary Pride) က နေအိမ်ပညာရေးနှင့် ကျောင်းပညာရေး အထောက်အထား ခိုင်မာခြင်းနှင့် ပတ်သက်၍ "ကျောင်းပညာရေး အထောက်အထား ခိုင်မာမှုဟူသည် နိုင်ငံရေး သို့မဟုတ် ပညာရေးအယူအဆများ မည်မျှပင် ခေတ်စားနေစေကာမူ အကြောင်းမဟုတ် သင့်ကလေးငယ်၏ ပညာရေးကို မြင့်မားစွာ သင်ယူရရှိခြင်းသည်သာ အဓိကဖြစ်သည်ဟု အဓိပ္ပါယ်ရသည်။ ဆိုလိုသည်မှာ ကလေးငယ်များသည် စာမတတ်သည့်ခေတ်တွင် စာသင်နိုင်ခြင်း၊ ထကြွပုန်ကန်သောခေတ်တွင် ဥပဒေကိုနာခံတတ်ရန် သင်ယူခြင်းပင်ဖြစ်သည်။ သင့်ကလေးငယ်သည် အပေါ်ယံချီးမြှင့်မြှောက်စားမှုများနှင့် အပြစ်ပေးမှုများကို အားလားမှုနည်းပြီး ပိုမိုကျွမ်းကျင်လိမ်မာပြီး ပိုမိုနှစ်သက်ဖွယ်ကောင်းလာခြင်းကို ဆိုလိုသည်။ သင့်ကလေးငယ်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှု နည်းပါးကာ သူ့အပေါ်တွင် ယုံကြည်မှုပိုမိုရှိလာခြင်း၊ ပို၍ပျော်ရွှင်စွာ နေနိုင်စွမ်းရှိခြင်းနှင့်အနာဂတ်အတွက် မျှော်လင့်ချက်ထားနိုင်ခြင်းဟူသော သဘောထားများ သက်ရောက်ပါသည်။ အကျဉ်းချုပ်အားဖြင့် သူတို့၏ ပညာရေးကိုသင်က ထိန်းချုပ်သည့် အဓိပ္ပါယ်ပင်ဖြစ်ပါသည်" ဟုရေးသားထားပါသည်။

## မည်သူမဆိုသင်ကြားပေးနိုင်ခြင်း

"ကိုယ်တိုင်သင်ကြားခြင်း" စာအုပ်တွင် ဂျွန်ဟော့တ် (John Holt) က နေအိမ်တွင် သင်ကြားပေးနိုင်သော မိဘတစ်ဦးဖြစ်လာပုံကို ရေးသားဖော်ပြရာတွင် "မည်သို့သော ပုဂ္ဂိုလ်များက ၎င်းတို့၏ ကလေးများကို နေအိမ်တွင် ပညာသင်ကြားပေးနိုင်ရန် ဖြစ်ပုံကို အကျဉ်းချုပ် ရှင်းလင်းပြနိုင်ပါသည်။ ဦးစွာထိုမိဘများသည် ၎င်းတို့၏ သားသမီးများကို နှစ်ခြိုက်သဘောကျရမည်။ ကလေးများ၏ အဖော်သဟဲပြုမှုကို ကျေနပ်ပျော်ရွှင်ရမည်။ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေ၊ စွမ်းအား၊ မိုက်မဲမှုနှင့် ပြင်းပြသော ဆန္ဒတို့ကို လက်ခံရမည်။ ကလေးများ၏ ပြောဆိုမှု၊ မေးမြန်းမှုတို့ကို ကျေနပ်နှစ်သက်ရမည့်အပြင် မေးခွန်းများကို ဖြေဆိုရန်လည်း စိတ်အားထက်သန်ရမည်။ ကလေးများကို သူငယ်ချင်းသဖွယ် သဘောထားရမည်။ အထူးသဖြင့် အလွန်ရင်းနှီးသော သူငယ်ချင်းများအဖြစ် မှတ်ယူရမည်။ သူတို့အနားတွင်ရှိနေလျှင် ပျော်ရွှင်ချမ်းမြေ့ပြီး အဝေးသို့ရောက်နေပါက အောက်မေ့တသရမည်။ လူပုဂ္ဂိုလ်များအဖြစ် ယုံကြည်ရမည်။ သူတို့၏ ထိခိုက်ပျက်စီးလွယ်သော ဂုဏ်သိက္ခာကိုလေးစားရမည်။ ယဉ်ကျေးစွာဆက်ဆံရမည့်အပြင် အရေးတယူရှိရမည်။ ကလေးများ၏ အံ့ဩမှု၊ စူးစမ်းမှုနှင့် လောကကြီးအပေါ် စိတ်ဝင်စားမှုတို့ကို မိမိတို့၏ ကိုယ်ပိုင်ခံစားချက်များသဖွယ် ခံစားကြရမည်။ မိဘများ ကိုယ်တိုင်က ပြည့်စုံလုံလောက်သော မိမိကိုယ်မိမိ ယုံကြည်မှုရှိရမည်ဖြစ်ပြီး မိမိကိုယ်မိမိ ကျွမ်းကျင်သူများအဖြစ် မှတ်ယူရမည်။ အခြားသူများနှင့် မတူဘဲ မိမိတို့ကလေးများ၏ သင်ယူမှုအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူရန် ပြင်းပြသော ဆန္ဒရှိရမည်" ဟူ၍ ဖြစ်ပါသည်။

## ပညာသင်ကြားရေးဆိုင်ရာအားသာချက်များ

နေအိမ်ပညာရေး အစီအစဉ်ကိုဖြည့်ဆည်းပေးသည့် ခရစ်ယာန်လစ်ဘာတီ အကယ်ဒမီ (Christian Liberty Academy) ကိုတည်ထောင်သူ ဆရာတော် ပေါလ် လင်းစထရွန်းမ် (Rev. Paul Lindstrom) က "ပြည်သူ့ကျောင်းများတွင် ပညာရေးနှင့် စာရိတ္တဆိုင်ရာ ဆုတ်ယုတ်မှုများရှိနေသည်။ မိဘများကလည်း စိတ်ကျေနပ်မှု မရှိတော့သဖြင့် ကျွန်ုပ်တို့က ရွေးချယ်ရန် နည်းလမ်းတစ်ရပ်ကို ဖြည့်ဆည်းပေးနေသည်" ဟုဆိုပါသည်။ သူ၏ နေအိမ်ပညာရေး အစီအစဉ်သည် ပြည်သူ့ကျောင်းများတွင်ရှိသော ရွယ်တူလူငယ်များထက် စာရိတ္တခိုင်မာပြီး ပိုမိုထက်မြက်သော လူငယ်များကို မွေးထုတ်ပေးနေသည်။ နေအိမ်ပညာသင်ကြားရေး အစီအစဉ်အရ ပညာသင်ယူကြသော ကျောင်းသားများသည် အိုင်ယိုဝါစံ စစ်ဆေးမှု (Standard Iowa Test) တွင် သူတို့သည် အမျိုးသားအဆင့်/ နိုင်ငံအဆင့်၏ ပျမ်းမျှသင်ကြားနှုန်းထက် ၁နှစ် သို့မဟုတ် ၁နှစ်ခွဲခန့် လက်ဦးမှုရနေကြသည်ဟု ဆက်လက်ပြောပြပါသည်။

အလာစကာ (Alaska) တွင် စာပေးစာယူ သင်တန်းဖြင့်သင်ကြားနေသော နေအိမ်ပညာသင်ကြားသူ ကျောင်းသား ၁၃၀၀ ခန့်ကို လွန်ခဲ့သော ၅နှစ်ခန့်က စစ်ဆေးကြည့်ခဲ့ရာတွင် ထိုကျောင်းသားများသည် ပြည်သူ့ကျောင်းများရှိ ၎င်းတို့နှင့်အတူ အတန်းတူ ကျောင်းသားများထက် အမှတ် ၁၆% သာလွန်ကြောင်းတွေ့ခဲ့ရသည်။ ကျောင်းသားအမျိုးအစား နှစ်ခုစလုံးပင် တူညီသော သင်ရိုးညွှန်းတမ်းကို သင်ကြားရခြင်းဖြစ်သည်။ အရီဇိုးနား (AriZona)၊ အာကန်ဆတ် (Arkansas)၊ မြောက်ကာရိုလိုင်းနား (North Carolina) နှင့် ဝါရှင်တန် (Washington) ရှိ ပညာရေးဌာနများက နေအိမ်တွင် ပညာသင်ကြားသော ကျောင်းသားအားလုံးသည်အသိအမှတ်ပြု စံ စစ်ဆေးချက်များတွင် ပျမ်းမျှအဆင့်အထက် ရရှိအောင် ဖြေဆိုနိုင်ကြကြောင်း ဖော်ပြထားပါသည်။

## သင်ကြားရန်ကျောင်းလိုအပ်ပါသလား

"သင့်ကလေးငယ်အပေါ် ယုံကြည်မှုမပျက်ပြားပါနှင့်" ဟူသော ဆောင်းပါးတွင် ဒေါက်တာ ပေါလ် အေ ကီးနဲလ် (Dr. Paul A. Kienel) ကအောက်ပါအချက်တို့ကို ညွှန်ပြထားပါသည်။

"ဂျေးဆက်ခရိုက်စ်သည် သူ၏တပည့်သာဝက ၁၂ဦးကို ရွေးချယ်ရာတွင် ၎င်းတို့၏ အတန်းအသီးသီး၌ အဆင့် ၁ မှ ၁၀ အတွင်းရှိသော ထိပ်ဆုံးတပည့်များကို ရွေးချယ်ခဲ့ခြင်းမပြုပေ။ သူ၏ ဆုံးမသွန်သင်ချက်များကို အနာဂတ်မျိုးဆက်အားလုံးတွင် ထာဝရတည်တံ့စေရေးအတွက် လုံးဝပညာမတတ်သော စိတ်ထားနူးညံ့သိမ်မွေ့ဆုံး ပုဂ္ဂိုလ်များကိုသာ ရွေးချယ်ခဲ့အသုံးပြုခဲ့ပါသည်။

"ဂျေးဆက် တပည့်များ၏ မြင့်မားသော အဆင့်ထက်နိမ့်သော်လည်း ကလေးဘဝတွင် အောင်မြင်မှုအလားအလာ အနည်းဆုံးအုပ်စုအဖြစ် သတ်မှတ်ခံရပြီး လူကြီးဘဝတွင် ဂုဏ်ပြုထိုက်သော ခေါင်းဆောင်များအဖြစ် တာဝန်ထမ်းခဲ့ကြသူများစွာ ရှိနေပါသည်။

"အဲလ်ဘတ် (Albert) သည် စကားပြောနောက်ကျလွန်းသဖြင့် သူ့မိဘများက သူ့အားမှုမမှန်သော ကလေးတစ်ဦးအဖြစ် ယူဆခဲ့သည်။ ဆရာများက သူ့ကို ငတုံးလေးဟုခေါ်ကြပြီး အတန်းသားများကလည်း သူ့ကိုဝိုင်းပယ်ထားကြသည်။ သူသည် ကောလိပ်ဝင်ခွင့်စာမေးပွဲတွင် ကျရှုံးခဲ့သည်။ လူတိုင်းအံ့သြစေသည့်အဖြစ်ကား သူသည် ကမ္ဘာ့အထင်ရှားဆုံး သိပ္ပံပညာရှင်ကြီးတစ်ဦးအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းပင်တည်း။ သူ့နာမည်ကား အဲလ်ဘတ် အိန်းစတိန်း (Albert Einstein) ပင် ဖြစ်ပါသည်။

"ဝင်စတန်ချာလီ (Winston Churchill) သည်လည်း ထူးချွန်သော ကျောင်းသားစာရင်းတွင် မပါဝင်ပါ။ သူ၏ငယ်စဉ်ကာလကျောင်းသားဘဝတွင် သူ့အတန်း၌ အညံ့ဆုံးကျောင်းသားဟုပင် ပြောစမှတ်ပြုရပေသည်။ စကားထစ်အလွန်းသဖြင့် မိဘများနှင့် ဆရာများကပင် သူပြောသည်ကို နားလည်ရန်ခဲယဉ်းလှသည်။ နောင်ကာလများတွင် ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရသောအခါ စကားပြောအကောင်းဆုံး ပုဂ္ဂိုလ်တစ်ဦးအဖြစ် သမိုင်းတွင်ရစ်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် စာပေဆိုင်ရာနိုဘယ်ဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။

ဆင်မြူရယ် ဘလူမင်းဖဲလ်ဒ် (Samuel Blumenfeld) က သူ၏ "အမေရိကန်ပညာရေးကို လိုက်စားနေသောအတွင်းပိုး" ဟူသောစာအုပ်တွင် "ပြည်သူ့ပညာရေးကို ဦးစားပေးရေးနှင့် မပျက်မကွက် ကျောင်းတက်ရေးဥပဒေများက အမေရိကန်များသည် ကမ္ဘာ့ညွှတ်ပညာအတတ်ဆုံး ပုဂ္ဂိုလ်များဖြစ်စေကောင်း သမိုင်းအထောက်အထားများအရ ညွှန်ပြနေပါသည်။ ၁၇၆၅ ခုနှစ်တွင်ပြုလုပ်သော ဂျွန်အဒမ်စ် (John Adams) ၏လေ့လာမှုအရ အမေရိကန်နိုင်ငံသား စစ်စစ်၊ အထူးသဖြင့် နယူးအင်္ဂလန်ဖွားတစ်ဦး စာမဖတ်တတ် စာမရေးတတ်ခြင်းမှာ ကြယ်တံခွန်တစ်ခုလို ဖြစ်တောင့်ဖြစ်ခဲလှသော ထူးခြားမှုတစ်ခုဖြစ်သည်" ဟုဖော်ပြထားသည်။ ၁၈၀၀ပြည့်နှစ်တွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုက အမေရိကန်၏ အစောပိုင်းကာလတွင် လူတိုင်းနီးပါး စာတတ်ကြောင်းအခိုင်အမာ ဖော်ပြထားသည်။ (ယနေ့ကာလတိုင် အမေရိကန် လူကြီး ၂၃သန်းခန့် စာမတတ်ကြပါ။ သူတို့ဖတ်သည့်စာကို ကောင်းစွာသဘောမပေါက်ကြပါ။)

ယုံချင်ယုံ မယုံချင်နေပါ။ ကမ္ဘာတစ်လွှားရှိ ထင်ရှားကျော်ကြားသူအများစုသည် ပုံမှန်ပြည်သူ့ပညာရေးကို သင်ကြားခဲ့ကြရသူ နည်းပါးလှပါသည်။ ကမ္ဘာ့အထင်ရှားဆုံး ပုဂ္ဂိုလ်များဖြစ်သော အောက်ပါစာရင်းရှိ ပုဂ္ဂိုလ်များသည် သာမန်ပြည်သူ့ပညာရေးကို အနည်းငယ်မျှသာ သင်ကြားခဲ့ရသူများ ဖြစ်ကြပါသည်။ သင့်က နေ့စဉ်သင်ကြားနေနိုင်သောကြောင့် လေ့လာဆည်းပူးမှုကို အမြဲမပြတ်ပြုနေ

သင့်သောကြောင့် ထိုသူများသည် ပညာမတတ်သူများဟု ကျွန်ုပ်မဆိုလိုပါ။

## နေအိမ်ပညာရေးမှပေါက်ဖွားသောကျော်ဇောထင်ရှားသူများ

(ထင်ရှားကျော်ကြားသူများသည် နေအိမ်တွင်ပညာသင်ကြားသူများ သို့မဟုတ် အလွတ်ပညာဆည်းပူးသူများ ဖြစ်ကြပါသည်။)

| | |
|---|---|
| အဘိုင်ဂယ် အဒမ်စ် | (Abigail Adams) |
| ဂျွန်ကွင်စီ အဒမ်စ် | (John Quincy Adams) |
| ဟန် ခရစ္စတီယန် ချွန်ဒါဆင် | (Hans Christian Andersen) |
| အလက်ဇန္ဒား ဂရေဟမ်ဘဲလ် | (Alexander Graham Bell) |
| ပါးလ် ဘတ်ခ် | (Pearl Buck) |
| အင်ဒရူး ကာနေဂီး | (Andrew Carnegie) |
| ဂျော့ချ် ဝါရှင်တန် ကားဗား | (Jorse Washington Cerver) |
| ချာလီ ချက်ပ်လင် | (Charlie Chaplin) |
| အဂ္ဂသာ ခရစ္စတီး | (Agatha Christie) |
| ဝင်စတန် ချာချီလ် | (Winston Churchill) |
| ဂျော့ချ် ရော်ဂျာ ကလာ့ခ် | (George Rogers Clark) |
| နိုဝဲလ် ကောင်းဝပ်ဒ် | (Noel Coward) |
| ပိုင်ရီး ကာရီး | (Pierre Cwrie) |
| ချားလ်စ် ဒခ်ကင် | (Charles Dickens) |
| ပိုင်ရီး ဒူးပွန့်တ် | (Pierre DuPont) |
| သောမတ်စ် အက်ဒီဆင် | (Thomas Edison) |
| အဲလ်ဘာ့တ် အိန်းစတိန်း | (Albert Einstein) |
| ဘင်ဂျမင် ဖရန့်ကလင် | (Benhamin Franklin) |
| အလက်ဇန္ဒား ဟေမီလ်တန် | (Alexander Hamilton) |
| ဘရက်တ် ဟာ့တီး | (Bret Harte) |
| ပက်ထရစ် ဟင်နရီ | (Patric Henry) |
| စတုန်း ဝေါလ် ဂျက်ဆင် | (Stonewall Jackson) |
| ရောဘတ် အီး လီး | (Robert E Lee) |
| အေဘရာဟမ်လင်ကွန်း | (Abraham Lincoln) |
| စီအက်စ် လူးဝစ္စ | (C.S Lewis) |
| ဒေါက်ဂလပ်စ် မက်အာသာ | (Douglas Mac Arthur) |
| ဂျိမ်းစ် မက်ဒီဆင် | (James Madison) |
| ဆိုင်ရပ်စ် မက်ကောမစ်ခ် | (Cyrus Mc Corrmick) |
| ဂျွန် စတူးဝပ် မေးလ် | (John Stuart Mill) |
| ကလောက်ဒီ မိုနက် | (Claude Monet) |
| ဂျိမ်စ်မွန်ရိုး | (James Monroe) |
| ရယ်ဖ်ဂန်း မိုးဇာတ် | (Wolfgang Mozart) |
| ဘလေ့စီ ပါစကယ် | (Blaise Pascal) |
| ဂျော့ချ် ပက်တန် | (George Patton) |
| ဝီလျံပင်း | (William Penn) |
| ဖရန့်ကလင် ဒီ ရုစ်ဘဲ့လ်တ် | (Franklin D. Rossevelt) |
| သီအိုဒိုရီ ရုစ်ဘဲ့လ်တ် | (Theodore Rossevelt) |
| ဂျော့ချ် ဘာနတ်ရှော | (George Bernard Shaw) |
| အဲလ်ဘာ့တ် စရွိုက်ဇာ | (Albert Schweitzer) |
| လီယို တော်လ်စတွိုင် | (Leo Tolstoy) |

| | |
|---|---|
| မာ့ခ် တွိန်းန် | (Marl Twain) |
| ဂျော့ချ် ဝါရှင်တန် | (George Washington) |
| မာသာ ဝါရှင်တန် | (Martha Washington) |
| ဒန်နီရယ်လ် ဝက်ဘ်စတား | (Daniel Webster) |
| ဂျွန် ဝက်စလေ | (John Wesley) |
| ဖီးလစ် ဝှစ်တလေ | (Phyllis Wheatley) |
| ဝုဒရိုး ဝီလ်ဆန် | (Woodrow Witson) |
| အော်ဗီလီ ရိုက်တ် | (Orville Wright) |
| ဝီလ်ဘာ ရိုက်တ် | (Wilbur Wright) |
| အန်ဒတူး ဝက်သ် | (Andrew Wyeth) |

## နေအိမ်ပညာရေးနှင့်ပတ်သက်သောမေးခွန်းများကိုဖြေဆိုခြင်း

"ရှင့်ကလေးတွေကို အိမ်မှာပဲစာသင်ပေးတာဟာ အိမ်နီးချင်းတွေ သတိမထားမိအောင် ရှင့်အိမ်နောက်ဘက်မှာ သစ်လုံးလှေကြီး တစ်စီးထွင်းနေတာနဲ့ အတူတူပါပဲ" ဟု နေအိမ်တွင်ပင် ပညာသင်ကြားပေးသော မိခင်တစ်ဦးက ပြောပြပါသည်။

နေအိမ်တွင်ပင် ကလေးများအား စာသင်ကြားပေးခြင်းကို မည်သည့်မိသားစုက ပြုလုပ်နေကြကြောင်း၊ မည်သည့်ကျောင်း၊ မည်သည့် ကျောင်းကော်မတီကမျှ စစ်ဆေးခြင်းမပြုကြပါ။ သို့သော် သူတို့အား စပ်စုသော အိမ်နီးချင်းများကသာ သတင်းပို့ခြင်းဖြစ်ပါသည်။

ကလေး ၇ဦး၏ မိခင်၊ ကာလီဖိုးနီးယားတွင် နေအိမ်ပညာရေးသင်ကြားသူ ပံ့ပိုးကူညီရေးအဖွဲ့ကို တည်ထောင်သူ "နေအိမ်ပညာရေးလမ်းညွှန်" စာအုပ်ကိုရေးသားသူ လူအန်နီး ရှက်ကဲလ်ဖို့ဒ် (Luanne Shackeford) က အိမ်နီးချင်းများနှင့် ဆွေမျိုးသားချင်းများနှင့်ပတ်သက်ပြီး အောက်ပါအကြံဉာဏ်များကို သူမ၏စာအုပ်တွင် ရေးသားဖော်ပြထားသည်။

နေအိမ်တွင်ပင် ပညာသင်ကြားပေးမည်ဟူသော သင်၏ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး အမျိုးမျိုးသော တုန့်ပြန်မှုများကို သင်တွေ့ကြုံရပါလိမ့်မည်။ တစ်ခါတစ်ရံ ကျောင်းဆရာအချို့မှလွဲ၍ လူအများနှင့် အချို့သောဆွေမျိုးများက နေအိမ်ပညာရေး အယူအဆအပေါ် အကောင်းမြင်ကြသည်ကို ကျွန်ုပ်တွေ့ရှိရပါသည်။

အခြားသူများနှင့် လမ်းခွဲကာပြုလုပ်နေသူတစ်ဦးအနေဖြင့် တစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်ခြင်းခံရမည်ကို ပူပန်ခြင်းသည် သဘာဝကျပါသည်။ နေအိမ်ပညာရေးကို ရွေးချယ်ခြင်းမရှိသော မိဘများသည် သားသမီးများအပေါ် ဂရုစိုက်မှုနည်းသော မိဘစိတ်မရှိသောသူများဟု သင်ကယူဆကောင်း ယူဆပါလိမ့်မည်။ ခြိမ်းခြောက်လိုသောသူများတွင် သင်ပြုလုပ်နေသောကိစ္စအတွက် မကောင်းသည့်အကြောင်းပြချက်များ ပေါ်ထွက်လာကြပါလိမ့်မည်။ ယင်းကို ပြဿနာတစ်ခုအဖြစ် မယူဆပါနှင့်။ ထိုသူများအား ဖြေရှင်းချက်ပေးခြင်း (အောက်ပါတို့ကဲ့သို့သော ဖြေရှင်းချက်များ) မှရှောင်ကြဉ်ပါ။

– ကျွန်မကလေးတွေကို တခြားကလေးတွေနဲ့အတူ မထားချင်လို့။
– ကျွန်မကလေးကို အထက်တန်းအထိ အိမ်မှာပဲသင်ပေးမလို့။
– ကောလိပ်စာ အရေးမကြီးပါဘူး။ လင်ကောင်းသားကောင်းရဖို့နဲ့ အိမ်မှုကိစ္စနိုင်နင်းဖို့ပဲ အရေးကြီးတာပါ။

## ရှောင်ရန်အချက်များ

နေအိမ်တွင်ပင် ပညာသင်ကြားပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် မလုပ်ပါနှင့်။ ခြိမ်းခြောက်မှုများ ပေါ်ပေါက်တတ်သည်။

သင်သည် မူးယစ်ဆေးဝါးရောင်းချနေခြင်း မဟုတ်သဖြင့် မိမိကိုယ်မိမိ အပြစ်မကင်းသော အလုပ်လုပ်နေသည်ဟု မယူဆပါနှင့်။

ထိုကိစ္စကို သိပ်မပြောပါနှင့်။ လိုရင်းတိုရှင်းဖြေပါ။ လူတိုင်းပြောသမျှကို မဝေဖန်ပါနှင့်။ သူတို့အနေဖြင့် စကားစမြည်ပြောသည့်သဘောမျှသာ ဖြစ်ပါသည်။

ဒေသဆိုင်ရာ အငြင်းပွားချက်များအပေါ် မျက်နှာလွှဲမနေပါနှင့်။ စေ့စပ်ညှိနှိုင်းပေးပါ။

လူအများ၏ အတွေးအခေါ်များ ဖိစီးနေသော မိဘများနှင့် ဆွေမျိုးများက သင့်အား ဒုက္ခအပေးဆုံး ဖြစ်ပါလိမ့်မည်။ သူတို့ကသင့်ကလေးများအား ကောလိပ်သို့ရောက်စေချင်ကြပြီး အောင်မြင်ဖြစ်ထွန်းလိုကြပါသည်။ သင့်မိဘများကလည်း သူတို့ကသင့်အား မွေးမြူသည့် သဘောအတိုင်း သင်ရွေးချယ်သည်ဟု ယူဆကြပါမည်။ သင်သည် နေအိမ်ပညာရေးအတွက် ကောင်းမွန်သော အစီအစဉ်

တစ်ရပ်ကို လိုက်နာဆောင်ရွက်နေကြောင်း၊ ပညာရေးကို ကျွမ်းကျင်သူတစ်ဦးက သင့်ကို ကြီးကြပ်နေကြောင်း သူတို့သိရှိလျှင် သင့်မိဘများလည်း စိတ်ကျေနပ်သွားကြပါလိမ့်မည်။

## ဆောင်ရန်အချက်များ

သင်ဆောင်ရွက်သော နည်းလမ်းများသည် အခြားသူများအား လူမှုရေးအရ လက်ခံနိုင်သော နည်းလမ်းများဖြစ်ကြောင်း ရှင်းလင်းပြောပြတတ်ရန် လေ့လာပါ။

အိမ်နီးချင်းကောင်းဖြစ်အောင် ကြိုးစားပါ။ သင့်ကလေးအား ကျောင်းအပ်ခြင်းမပြုသည့် ကိစ္စအပေါ် အိမ်နီးချင်းများက တုန့်ပြန်ပြောဆိုလာခြင်းကို လစ်လျူရှု၍ သူတို့အား နားလည်အောင် ကြိုးစားပါ။

သင်၏ အိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်အောင်ထားပါ။ သင်၏ အိမ်မွေးတိရစ္ဆာန်ကလေးများက အိမ်နီးချင်းများအား နှောင့်ယှက်ခြင်းမပြုစေရန် ကာကွယ်ပါ။

အခြားသူများ၏ ပစ္စည်းဥစ္စာများနှင့် ကိုယ်ပိုင်ပစ္စည်းဥစ္စာများကို အလေးထားတတ်ရန် သင့်ကလေးများကို သင်ကြားပေးပါ။

စာသင်ချိန်များအတွင်း သင့်ကလေးများကို အထူးကြပ်မတ်ပါ။

သင့်အိမ်နီးချင်းများက သင့်အား လွတ်လပ်စွာစကားပြောခွင့် ရရှိပါစေ။ သို့မဟုတ်ပါက သူတို့အနေဖြင့် တာဝန်ရှိသူများကို သတင်းပို့ပါလိမ့်မည်။

ထိုသို့ သတင်းပို့သဖြင့် ဒေသဆိုင်ရာ ကလေးသူငယ်ကြီးကြပ်ရေးမှူးက သင့်အိမ်တံခါးကိုလာခေါက်လျှင် မည်သို့ပြုလုပ်မည်နည်း။ "ဟယ်လို ကျွန်မက ကလေးသူငယ် စောင့်ရှောက်ရေးဌာနက ကလေးကြီးကြပ်ရေးမှူး မစ္စက် ချူးပါ။ ရှင့်အနေနဲ့ လိုင်စင်မရှိဘဲ ကလေးကို အိမ်မှာစာသင်တယ်လို့ သတင်းရတဲ့အတွက် စုံးစမ်းဖို့လာတာပါ။" ဖြစ်ရပ်အများစုတွင် သူတို့အနေဖြင့် ဒေါသဖြစ်ရသည်။ စိတ်ဆိုးရသည်ကများသဖြင့် သင့်အနေဖြင့် အခြားကလေးများ စီးပွားရေးလုပ်ငန်း သဘောမျိုးသင်ကြားပေးခြင်း မဟုတ်ကြောင်း၊ သင့်မှာကလေးဦးရေများသဖြင့် သူတို့အား အခြေအနေအရ အိမ်တွင်ပညာသင်ကြားပေးရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ရှင်းပြပါ။

**စာသင်ချိန်။** ကလေးငယ်များအား ၈နာရီမှ ညနေ ၃နာရီထိ ပုန်းအောင်းနေစေခြင်းမှာ ပြဿနာ၏အဖြေမဟုတ်ပါ။ သို့သော် ပုံမှန်အချိန်ဇယားရှိထားသင့်ပါသည်။ ဒေသရှိကျောင်းတက်ချိန်ဇယားကို သိထားလျှင်မူပို၍ကောင်းပါသည်။ သင်က ကလေးများနှင့်အတူရှိနေစဉ် တစ်စုံတစ်ဦးက သင့်ကလေးကို အဘယ်ကြောင့် ကျောင်းမထားသနည်းဟုမေးပါက "နေ့တစ်ဝက်ဘဲ အချိန်ရလို့ နေ့တစ်ဝက်ဘဲ သင်တာပါ" ဟုမှန်ကန်စွာဖြေလိုက်ပါ။ လူများသည် အပေါ်ယံကိုကြည့်၍ ဆုံးဖြတ်တတ်ကြသည်ကို သတိထားပါ။ ထို့ကြောင့် နမူနာကောင်း အကြောင်းကောင်းပြလျှင် ပြဿနာနည်းသွားပါလိမ့်မည်။

"ကိုယ်တိုင်သင်ကြားခြင်း" စာအုပ်တွင် ဂျွန်ဟော့တ် (John Holt) က နေအိမ်ပညာရေးနှင့် ပတ်သက်၍ မေးလာသော မေးခွန်းများကို ဖြေဆိုထားပါသည်။ အောက်ပါ မေးခွန်းနှင့် အဖြေများမှာ အဆိုပါ စာအုပ်မှအချက်များကို အကျဉ်းချုပ်ထားခြင်း ဖြစ်ပါသည်။

မေးခွန်း။ ကျွန်မနှင့်ခင်ပွန်းသည်တို့က နေအိမ်တွင်ပင် ပညာသင်ကြားပေးရန် ဆုံးဖြတ်သည့်အတွက် ပြဿနာများရှိလာနိုင်ပါသလား။

အဖြေ။ တွေ့နိုင်ခြေရှိသော ပြဿနာများကို ရှောင်ရှားပါ။ သင့်အနေဖြင့် လိမ်မာပါးနပ်စွာ ဖြေဆိုတတ်လျှင် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ထိပ်တိုက်တွေ့ဆုံဖွယ် မရှိပါ။

မေးခွန်း။ ပြည်သူပိုင်ကျောင်းများတွင် တက်ရောက်ကြသော ကလေးများသည် အခြေအနေအမျိုးမျိုးသော ကလေးများကိုတွေ့ဆုံသိကျွမ်းနိုင်ခွင့်ရှိပါသည်။ သင့်ကလေးများအား အိမ်တွင်ပင်ထိန်းသိမ်းထားပါက ထိုအတွေ့အကြုံမျိုး မရနိုင်သည်ကို သင်ငြင်းနိုင်ပါသလား။

အဖြေ။ ဤမေးခွန်းအတွက် ပထမပိုင်းဖြေဆိုရမည်မှာ ကလေးများသည် အခြားသောတိုင်းရင်းသား လူမျိုးများ၊ ဘာသာအယူဝါဒနှင့် အခြေခံမတူညီသော ကလေးများနှင့် တွေ့ဆုံမိတ်ဖွဲ့ရေးမှာ ပြည်သူပိုင်ကျောင်းများက ထိုသို့ပြုလုပ်ခွင့် ပေးထားလျှင်သော်မှ ဖြစ်တောင့်ဖြစ်ခဲ အတွေ့အကြုံဖြစ်ပါသည်။ ဤသို့တွေ့ဆုံသိကျွမ်း မိတ်ဖွဲ့ရန်မဖြစ်နိုင်ပါ။ ကျောင်းငယ်ကလေးများ၊ အလွန်သေးငယ်သော ကျောင်းအနည်းငယ်မှလွဲ၍ ပြည်သူပိုင်ကျောင်းများရှိ ကလေးများသည် သူတို့နှင့်ခြားနားသော မတူညီသောကလေးများနှင့်ဆက်သွယ်ခွင့် မဆိုစလောက်သာရှိကြပါသည်။ အမှတ်အဆင့်ကွာခြားသည်နှင့်အမျှ အဆိုပါ ကလေးများနှင့် ဆက်သွယ်မှုပို၍ အလှမ်းကွာသွားလေ့ ရှိပါသည်။

ကျောင်းကြီးများတွင် ကလေးများအား လမ်းကြောင်းများခွဲခြားထားသည်။ ဥပမာ ကောလိပ်လမ်းကြောင်း၊ စီးပွားရေးလုပ်ငန်းလမ်းကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာလမ်းကြောင်း စသည်တို့ဖြစ်သည်။ အဆိုပါ အဓိကလမ်းကြောင်းတူသူများအတွင်းတွင်ပင် အုပ်စုငယ်ကလေးများ ထပ်၍ကွဲပြားသွားနိုင်ပါသည်။ ကျောင်းကြီးများတွင် ထိုသို့သော လမ်းကြောင်းများ ဖြစ်ခုထက်မနည်း ခွဲခြားထား

သည်။ လမ်းကြောင်းတစ်ခုမှ ကလေးအုပ်စုတစ်ခုက ထိုလမ်းကြောင်းဆိုင်ရာ စာသင်ခန်းသို့သွားပြီး အခြားလမ်းကြောင်းမှ ကျောင်းသားများက အဆိုပါလမ်းကြောင်းဆိုင်ရာ စာသင်ခန်းများသို့ သွားကြသည်။ လမ်းကြောင်းမတူသော ကျောင်းသားအချင်းချင်း၊ စာသင်ခန်းတစ်ခုတည်းတွင် တွေ့ဆုံခဲ့ပါသည်။ အဆိုပါလမ်းကြောင်းများသည် မိသားစုဝင်ငွေနှင့် လူမှုရေးအဆင့်အတန်းနှင့် လုံးဝဆက်စပ်နေပါသည်။ အချမ်းသာဆုံးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားဆုံးကလေးများက ထိပ်ဆုံးလမ်းကြောင်းတွင်လည်းကောင်း၊ ဒုတိယချမ်းသာသူက ဒုတိယလမ်းကြောင်းတွင်လည်းကောင်း အဆင့်လိုက်ရှိနေကြသဖြင့် အဆင်းရဲဆုံးကလေးများကား နောက်ဆုံးလမ်းကြောင်းတွင်ပင်ရှိနေကြရပါသည်။

လူမျိုးတစ်မျိုးတည်း လက်ခံသောကျောင်းများတွင်ပင် (လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ) အတန်းခွဲခြားမှု၊ အတန်းချင်းပြိုင်ဆိုင်မှုနှင့်အတန်းချင်း ပဋိပက္ခများရှိကြသည်။ သူငယ်ချင်းများ၊ မိတ်ဆွေဟူ၍ မပြောပြလောက်သော တစ်ဦးစ နှစ်ဦးစလောက်သာ ဖွဲ့နိုင်သည်။ အဆိုပါအုပ်စုများအတွင်း ပဋိပက္ခများဖြစ်ပွားရာမှတစ်ဆင့် အကြမ်းဖက်မှုများ မြင့်တက်လာနေပါသည်။ ကျောင်းများတွင် နောက်မျိုးဆက်များအား လူမှုရေးနှင့် လူမျိုးရေးသွေးခွဲမှုကိုသာ စွဲမြဲစေမည်ဆိုပါက သင့်ကလေးများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုအတွက် အလွန်အန္တရာယ်ကြီးပေသည်။

ကျောင်းများတွင် နောက်ခံကွဲပြားခြားနားသော ကလေးများကကို ပျော်ရွှင်သော အုပ်စုများအဖြစ် ရောနှောထားခြင်းမှာ မမှန်ကန်လှပေ။ “ကလေးအများစုသည် ထိန်းမရသော၊ လှည့်ဖျားတတ်သော၊ အမျိုးတူသော ရွယ်တူများဖြင့် အထူးသဖြင့် ထိုသူများသည် လူမှုရေးနှင့် စီးပွားရေးအဆင့်တူသော အတန်းအစားများမှ လာသူများဖြင့် တစ်နေကုန်အချိန်ဖြုန်းကြသည်” ဟု ဂျွန်ဟော့တ် (JH) နှင့် ဒေးဗစ် ဘော်ဖက်စ် တို့က သုံးသပ်ကြပါသည်။

မေးခွန်း။ ကျွန်ုပ်တို့နိုင်ငံသည် အလွန်ကျယ်ပြန့်ပြီး အလွန်အမျိုးအစားများပြားသည်။ ပြည်ထောင်စုစည်းလုံး ညီညွတ်ရေးအတွက် လူမှုရေးအဖွဲ့အစည်းမျိုးဖြစ်သည့် ကျောင်းများရှိဖို့မလိုအပ်ပါသလား။

အဖြေ။ အမေရိကန်ပြည်ထောင်စုရှိ ကျောင်းများက လူမှုရေးပေါင်းစည်းမှု၊ ညီညွတ်မှု၊ စည်းလုံးမှု၊ အတူတကွပူးပေါင်းဆောင်ရွက်လိုစိတ် စသည်တို့ကို ဖြည့်ဆည်းပေးသင့်ပါသည်။ သို့ရာတွင် ပြစ်မှုကျူးလွန်သည့် နှုန်းမြင့်မားမှုနှင့် ကလေးများတွင် လူမှုရေးနှင့် ဆန့်ကျင်ပြုမူမှုများကို တိုးပွားလာနေခြင်းကြောင့် ကျောင်းများအနေဖြင့် စည်းလုံးညီညွတ်ရေး စိတ်ဓါတ်ကိုမွေးမြူပေးနိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ ကျောင်းများ၏ ခေတ်နောက်ကျနေသော အယူအဆမှာ သင်၏အောင်မြင်မှုအတွက် ပြိုင်ဆိုင်ခြင်းနှင့် အခြားသူများအပေါ် အခွင့်အရေးယူခြင်းပင် ဖြစ်ပါသည်။ ယင်းအယူအဆသည်ပင် နောက်ပါနိုင်ငံများ၊ လူမျိုးစုများ၊ ဘာသာရေးများနှင့် လူမှုရေး အလွှာများအကြား အမုန်းတရား အခြေတည်ခြင်း၏ အကြောင်းရင်းဖြစ်ပေသည်။ စင်စစ် ပြည်သူပိုင်ကျောင်းများက ဤသို့သောအယူအဆမျိုးကို သွတ်သွင်းနေခြင်းသည်ပင် “အမေရိကန်နည်းလမ်း” တစ်ရပ်ဖြစ်ပေသည်။ ကျောင်းများက ပျိုးထောင်ပေးသော စည်းလုံးညီညွတ်မှု မရှိမှု၊ အမုန်းတရားနှင့် ဓာတ်တူသားကို စားသောအယူအဆသည် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးပျက်စီးမှု ချောက်ကမ်းပါးအစွန်းသို့ တွန်းပို့နေပါသည်။

လူ့အဖွဲ့အစည်းတွင် မိသားစုသည်သာ စည်းလုံးညီညွတ်မှု မရှိဆုံးဖြစ်နေဆဲဟု ကျွန်ုပ်တို့ယုံကြည်ထားပါသည်။ ထို့ကြောင့် မိမိသားသမီးများကို တိကျပြတ်သားသော ရည်မှန်းချက်များဖြင့် အချိန်ယူ၍ သင်ကြားပေးလိုစိတ် ပြင်းပြသောမိဘများသည် ၎င်းတို့၏ မိသားစုတွင် ရှိနေသောလူမှုရေး ပေါင်းစည်းမှုများအား နိုင်ငံသို့ပေးအပ်ရန်ပင် ဖြစ်ပါသည်။

ဒေါက်တာ မိုရေးက “မိသားစုတွင် ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၏ ပင်နယံတပ်ဆင်ထားသည်။ သို့ရာတွင် ယင်းမိသားစုစနစ်ကို လျှော့ချပြီး အစိုးရကမိဘသဖွယ် ပြုစုသောအဆင့်ရောက်အောင် ရှည်လျားသော ခရီးကြီးကို အဆက်မပြတ်လျှောက်လှမ်း ကြပါဦးမည်။ ယခုအခါ ကျွန်ုပ်တို့၏ ဒီမိုကရေစီ လူ့အဖွဲ့အစည်းကြီးသည် မျိုးဆက်တစ်ခုအတွင်း ကျဆုံးပျက်စီးသွားမည်ဟု သုတေသနပညာရှင်များ ကကြိုတင်ဟောကိန်းထုတ်ထားပါသည်။

မေးခွန်း။ ထိုသို့သော ကျဉ်းမြောင်းပြီး တစ်ယူသန်သော သဘောရှိသည့် မိဘများထံမှ ကလေးများသို့ လက်ဆင့်ကမ်းခြင်းကို မည်သို့ကြိုတင်ကာကွယ်နိုင်ပါသနည်း။

အဖြေ။ ပထမဖြေကြားရမည်မှာ ကျွန်ုပ်တို့တွင် ယင်းကိုကာကွယ်နိုင်သော အခွင့်အရေးရှိပါသလား။ ကျွန်ုပ်တစ်ခုစဉ်းစားမိသည်မှာ လွတ်လပ်သောနိုင်ငံနှင့် အာဏာရှင်နိုင်ငံ တစ်နိုင်ငံအကြား အဓိကခြားနားချက်များမှာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံတွင်ဥပဒေကို လိုက်နာသည်နှင့်အမျှ သင်နှစ်သက်ရာကို ယုံကြည်ခွင့်ရှိသည်။ သင်၏ ယုံကြည်မှုများသည် အစိုးရ၏ အလုပ်မဟုတ်ပေ။ အစိုးရ၏ အလုပ်မှာ အယူအဆတစ်ရပ်သည်ကောင်းသည်။ အခြားအယူအဆသည် မကောင်းဟူ၍ ဝေဖန်ရန်ဖြစ်ပြီး သို့မဟုတ် ကျောင်းများတွင် ကောင်းသည့်အယူအဆကို တိုးတက်စေပြီး မကောင်းသည့်အယူအဆ ပပျောက်စေရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့က အစိုးရအား အာဏာအပ်နှင်းသည် ဆိုပါစို့။ မတတ်မနေရကျောင်းများနှင့် ပတ်သက်ပြီး ကောင်းသောအယူအဆများ တိုးတက်စေပြီး မကောင်းသည့်အယူအဆများ ပပျောက်စေသည့် အာဏာကိုအပ်နှင်းရန် ဆုံးဖြတ်ရပါမည်။ သို့ဆိုလျှင် အဆိုပါ အယူအဆများကောင်းသည် ဆိုး သည်ကိုခွဲခြားသော လုပ်ပိုင်ခွင့်ကို မည်သူ့အား အပ်နှင်းမည်နည်း။ ဥပဒေပြုအဖွဲ့ကိုလား။ နိုင်ငံပညာရေး အဖွဲ့ကိုလား။ ဒေသန္တရ

ပညာရေး ဌာနကိုလား။

ထိုမေးခွန်းများကို အလေးထားစဉ်စားသူတိုင်းအတွက် အစိုးရအဖွဲ့တွင် ထိုအာဏာအပ်နှင်းရမည့်သူ မရှိဟူသောအချက်ကို မလွဲမသွေသဘောတူကြရပေမည်။ လူများတွင် သူတို့ဆန္ဒရှိသည့်အတိုင်း ယုံကြည်ခွင့်ရှိရုံမျှမက ထိုယုံကြည်မှုကို သူတို့သားသမီးများအား လည်းလက်ဆင့်ကမ်းခွင့် ရှိပါသည်။ ကျောင်းများက ကလေးအားလုံးကို မည်သည့်အယူအဆကကောင်းသည်။ မည်သည့်အယူအဆက မကောင်းပါဟု ပြောပိုင်ခွင့်ကို ကျွန်ုပ်တို့မပေးနိုင်ပါ။ ကျောင်းများက ဖြေဆိုသော ကျင့်သုံးသောအယူအဆတစ်ရပ်သည် တိုးတက်ရမည် ဖြစ်သည့်ပြင် ထိုအယူအဆကို လက်ခံရန်သင်ကြားထားသူများကို အစိုးရကျောင်းများတွင် တိုးမြှင့်ခန့်ထားသည်ဆိုလျှင်မူ ကလေးများ ကိုကျောင်းများသို့ ပို့လွှတ်ရန်စိတ်ချရပေလိမ့်မည်။ ယင်းအချက်ကို ပီးယားစ်နှင့် ညီအစ်မများအဖွဲ့ (Pierce Vs. Society of sisters 1925) အမှုစီရင်ထုံးတွင် တရားလွှတ်တော်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူပိုင် ကျောင်းများကို ကန့်ကွက်သူဦးရေ များပြားလာခြင်း၏ အခြားအကြောင်းတစ်ရပ်မှာ အဆိုပါကျောင်းများက ကောင်းသောအယူအဆကို တိုးတက်စေပြီး မကောင်းသောအယူအဆကို ပပျောက်စေသည့် လုပ်ပိုင်ခွင့်ကို ၎င်းတို့အား တရားဝင် အတိအလင်းပေးအပ်ထားသရောင် ပြုမူနေကြသောကြောင့် ဖြစ်ပါသည်။ အစိုးရအဆင့်နှင့် ပြည်နယ်အဆင့်ရှိ လက်တစ်ဆုပ်စာ ပညာရေး ဗြူရိုကရက် လူနည်းစုက ကျောင်းများကပြောသည့် ကျင့်သည့်အတိုင်း ထိန်းချုပ်နေပြီး သူတို့စိတ်ထဲရှိ ထင်ရာမြင်ရာ အယူအဆများကိုသာ ကျောင်းများအတွက် တိုင်းပြည်အတွက် ကောင်းသောအယူအဆများအဖြစ် တိုးတက်အောင်လုပ်ဆောင်နေခြင်းသာ ဖြစ်ပါသည်။ သို့ရာတွင်မည်သည့်နိုင်ငံရေး လမ်းစဉ်မှဖြစ်စေ၊ ကျောင်းများအား ထိုသို့သော အာဏာအပ်နှင်းရေးကို ကျွန်ုပ်တို့သဘောတူကြလိမ့်မည်မဟုတ်ပါ။ အပြန်အလှန်အားဖြင့် ပြည်သူလူထုအများစုကြီးသည် မျက်မှောက်ကာလတွင် ကျောင်းများတိုးတက်အောင် မြှင့်တင်နေသော အယူအဆများ သို့မဟုတ် အယူအဆအများစုကို မယုံကြည်ကြတော့ပေ။ (JH)

မေးခွန်း။ သင်၏နေအိမ်ပညာရေးသည် ဥပဒေနှင့် မညီညွတ်ဖူးမဟုတ်လား။ သူတို့က သင့်အားတရားစွဲဆို၍ သင့်ကလေးများကို ခေါ်မသွားနိုင်ဘူးလား။

အဖြေ။ "နေအိမ်ပညာရေးကို မတက်မနေရ ဥပဒေ၏ စာသင်ခန်းပညာရေးအတွက် ချွင်းချက်အဖြစ် ရွေးချယ်ခွင့်အဖြစ် တရားဝင်ဖြစ်စေ တရားမဝင်ဖြစ်စေ ပြည်နယ် ၅၀တွင် ခွင့်ပြုထားပြီး ဖြစ်ပါသည်။ ပြည်နယ်များစွာတို့က ၎င်းတို့၏ မသင်မနေရပညာရေး ဥပဒေများတွင် နေအိမ်ပညာသင်ကြားရေးကို သီးခြားပြဋ္ဌာန်းပေးပြီး အချို့ပြည်နယ်များတွင်မူ နေအိမ်ပညာရေးကို "အလွတ်သင်ပညာရေး/ ကိုယ်ပိုင်ကျောင်း" ခေါင်းစဉ်အောက်တွင် ပြဋ္ဌာန်းထားပါသည်။ အချို့ပြည်နယ်များကလည်း နေအိမ်ပညာရေးကို ၎င်းတို့၏ဥပဒေများတွင် အလားတူညွှန်ကြားချက်များ ထုတ်ပြန်ပေးထားပါသည်။" (အိုင်ယိုဝါ ကျွမ်းကျင်သူများအစီရင်ခံစာ ၁၉၈၅)

"နေအိမ်တွင်ပညာသင်ကြားရေးကို ဆောင်ရွက်ခြင်းမပြုသော မိဘများ၏ သားသမီးများကို ပြဿနာများစွာရှိသော ကျောင်းများကခေါ်ယူရန် အရှက်မဲ့စွာ ကြိုးပမ်းနေကြပါသည်။ ယင်းအတွက် ဥပဒေအရတာဝန်ရှိသည်ဟု ကျွန်ုပ်ယူဆပါသည်။ တရားရုံးက ဤသို့သော အပြုအမူဆောင်ရွက်ခြင်းကို စီရင်နိုင်သော နည်းဗျူဟာချမှတ်သင့်ပါသည်။ (JH)

မေးခွန်း။ ကလေးတစ်ဦး၏ ပညာရေးကို မည်သူက ထိန်းချုပ်သတ်မှတ်ခွင့်ရှိပါသလဲ။ မိဘကလား၊ အစိုးရကလား။

အဖြေ။ မိဘများတွင် သားသမီးများအား မွေးမြူရေးနှင့် ပညာသင်ကြားရေးတွင် မူလအခွင့်အရေးနှင့် တာဝန်ရှိကြောင်း ပြဋ္ဌာန်းပြီးဖြစ်သည်။

၁၉၂၃ ခုနှစ်။ အမေရိကန် ပြည်ထောင်စု တရားလွှတ်တော် ဆုံးဖြတ်ချက်တွင် "သားသမီးများ၏ ဘဝတွင် ၎င်းတို့နှင့်သင့်တော်သော ပညာသင်ကြားပေးရေးအတွက် မိဘများ၏ သဘာဝတာဝန် ဝတ္တရားဖြစ်သည်" ဟုဖော်ပြထားခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် တရားလွှတ်တော်က အခြေခံလွတ်လပ်ခွင့် သီဝရီပေါ်တွင် အခြေပြု၍ ဤပြည်ထောင်စုအတွင်းရှိ အစိုးရအားလုံးသည် ၎င်း၏ ကလေးငယ်များအား ပြည်သူ့ကျောင်းမှ ဆရာများ၏ ညွှန်ကြားချက်ကိုသာ လက်ခံရန် အတင်းအကျပ်ပြု၍ စံသတ်မှတ်သော အထွေထွေပါဝါကို ပ လပ်လိုက်သည်။ ကလေးများသည် နိုင်ငံ၏သတ္တဝါများ မဟုတ်ကြပါ။ ၎င်းတို့အား မွေးမြူပြုစုခြင်း၊ သူတို့၏ကံကြမ္မာကို လမ်းပြခြင်းနှင့်ယှဉ်တွဲနေသော မြင့်မြတ်သောတာဝန်နှင့်အတူ ၎င်းတို့အား အသိအမှတ်ပြုခွင့် တာဝန်ဝတ္တရားများ သတ်မှတ်ခွင့်ရှိသည်" ဟုဖော်ပြထားသည်။ (ပီးယားစ်နှင့်ညီအစ်မများအဖွဲ့အမှု၊ ၁၉၂၅)

၁၉၄၄ခုနှစ်တွင် တရားလွှတ်တော်ချုပ်က "ကလေးငယ်အား ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ပြုစုပျိုးထောင်ခြင်းအတွက် မိဘများဦးစွာ တာဝန်ရှိသည်" ဟုလည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် "တစ်ဦးတစ်ယောက်၏ သားသမီးကိုပညာသင်ကြားပေးရန် ထိုသူကသာရွေးချယ်ခွင့်ရှိသည်" ဟူ၍ ၁၄ကြိမ်မြောက် ပြင်ဆင်ခြင်း၏ ပထမအချက်တွင် ထပ်မံအတည်ပြုထားသည်။ (ယင်းတွင် ဘာသာရေးလွတ်လပ်ခွင့်၊ လုံခြုံလွတ်လပ်ခွင့်တို့ ပါဝင်သည်။) ၁၉၇၂ ခုနှစ်တွင် သမိုင်းတွင်သောအမှုဖြစ်သည့် ဝစ္စကွန်ဆင်နှင့် ယိုဒါ ( Wisconsin & Yoder) တို့အမှု၌ တရားလွှတ်တော်ချုပ်က "အနောက်တိုင်းယဉ်ကျေးမှု၏ သမိုင်းနှင့်ယဉ်ကျေးမှုတို့သည် မိဘများ၏ သားသမီးများအား ပြုစုရေးနှင့် မွေးမြူစောင့်ရှောက်ရေး ဓလေ့ထုံးစံများကို ခိုင်မာစွာရောင်ပြန်ဟတ်သည်။ ၎င်းတို့၏ သားသမီးများကို မွေးမြူပြုစုရေးတည်းဟူသော မိဘများ၏ မူလအခြေခံကျသော အခန်းကဏ္ဍကို အမေရိကန်တို့၏ တာရှည်ခိုင်မာသော ဓလေ့ထုံးစံအဖြစ် ချွင်းချက်မရှိ သတ်မှတ်သည်" ဟုဖော်ပြထားပါသည်။

တရားလွှတ်တော်ချုပ်၏ ၁၉၇၂ ခုနှစ် ဆုံးဖြတ်ချက်တစ်ခုတွင် "အားလုံးနှင့်သက်ဆိုင်သော ပညာရေးတွင် နိုင်ငံတော်၏ အကျိုးစီးပွားကို ကျွန်ုပ်တို့မည်မျှပင် မြင့်မားစွာသတ်မှတ်ထားပါစေ အခြေခံအခွင့်အရေးများနှင့် အကျိုးစီးပွားကို ထိခိုက်လာလျှင် ယင်းတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်မှ လုံးဝကင်းလွတ်လိမ့်မည် မဟုတ်ချေ" ဟူ၍လည်းကောင်း "အားလုံး အတွက် မသင်မနေရ ပညာရေးတွင် နိုင်ငံတော်က မည်မျှပင်စိတ်ဝင်စားမှု ထက်သန်နိုင်မာနေပါစေ အခြားအကျိုးစီးပွားအားလုံးမှ ခွဲခြားရန် သို့မဟုတ် လက်အောက်ခံအဖြစ် သွတ်သွင်းရန်မှတစ်ပါး အခြားနည်းလမ်းမရှိချေ" ဟူ၍လည်းကောင်း ဆုံးဖြတ်ထားသည်။

ဒေါက်တာ ရေမွန်မိုရေးက "မျက်မှောက်ကာလအတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ ၎င်းတို့ကလေးများ၏ ပညာရေးကို မိဘ များကဆုံးဖြတ်ရန် ဦးစားပေးခွင့်ကို အာမခံထားသည့် တရားလွှတ်တော်ချုပ်က ထပ်မံကာထပ်ကာ ဖေါ်ပြထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ပထမပြင်ဆင်ချက်ကို သတိမထားမိသော ကျောင်းအာဏာပိုင်များကို ရှင်းလင်းဖေါ်ပြရေးပင်ဖြစ်သည်" ဟုပြောကြားပါသည်။

မိဘများက ၎င်းတို့၏သားသမီးများ ပညာရေးကို ထိန်းချုပ်ခွင့်ကို အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် အမျိုးမျိုးဖြင့် ကာကွယ်ပေးထားပါသည်။ ယင်းသို့ ကာကွယ်ပေးမှုတွင် ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ မိသားစုလုံခြုံမှုရှိခွင့်နှင့် မိဘများဆိုင်ရာ လွတ်လပ်ခွင့်တို့လည်း ပါဝင်ပါသည်။ ထိုသို့ အကာအကွယ်ပေးမှုကိုလည်း တရားလွှတ်တော် ချုပက စဉ်ဆက်မပြတ် အသိအမှတ်ပြုထားပါသည်။ ပညာရေးကဏ္ဍတွင် မိဘများ၏ အခွင့်အရေးနှင့် ပတ်သတ်သော သဘောထားကို အမေရိကန်ပြည်ထောင်စု ကွန်ကရက်၏တပည့်များ အခွင့်အရေးကို ကာကွယ်သည့် ပြည်ထောင်စုဥပဒေတွင်လည်း အသိအမှတ်ပြုထား ပါသည်။

သမ္မတဟောင်း ရော်နယ်ရေဂင် (Ronald Regin) က "မိဘများတွင် ၎င်းတို့သားသမီးများအား အများပြည်သူကျောင်းများ တွင်ဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းများတွင်ဖြစ်စေ၊ ၎င်းတို့သင့်တော်သည့် နည်းလမ်းအတိုင်း ပညာသင်ကြားပေးရေးသည် သဘာဝကပေး အပ်သော ရှောင်လွှဲ၍မရသည့် တာဝန်ရှိသည်။ အဆိုပါ အခွင့်အရေးကို အသိအမှတ်ပြုမည့်အပြင် အားပေးခြင်းလည်း ပြုသင့်သည်။" ဟုပြောကြားခဲ့ပါသည်။ ပညာရေးဝန်ကြီးဟောင်း ဝီလျံ ဘင်းနက် (William Bennett) ကလည်း "မိဘများသည် သူတို့သားသမီး များအတွက် သူတို့လိုချင်သော ပညာရေးပုံစံကို ရွေးချယ်ခွင့်ရှိသည်" ဟုထပ်မံဖြည့်စွက် ပြောကြားခဲ့ပါသည်။

မေးခွန်း။ သင်၏ကလေးများကို ကျောင်းမထားလျှင် သူတို့သည် ပုံမှန်ကလေးများ/ သာမန်ကလေးများ မည်သို့ဖြစ်လာမည် နည်း။ လူ့အဖွဲ့အစည်းတွင် မည်သို့ဝင်ဆန့်ကြမည်နည်း။

အဖြေ။ ကျွန်ုပ်တို့ကလေးများကို လူ့အဖွဲ့အစည်းသို့ မည်သို့မည်ပုံဝင်ဆန့် စေချင်ပါသနည်း။ သမိုင်းတွင်ရသောသူများ၊ များသည့်အရာကို ပြောင်းလဲဝံ့သော သတ္တိရှိသူများသည် လူမှုရေးဖိအားများနှင့် လိုက်လျောညီထွေဖြစ်ရန် လက်လျှော့သူများ မဟုတ် ကြပါ။ ၎င်းတို့သည် သူတို့ပြုလုပ်ခဲ့သော အားထုတ်ကြိုးပမ်းမှုများ၊ ပြောင်းလဲမှုများချင့် တိုးတက်မှုများမှတစ်ဆင့် အမှားနှင့်အမှန်ကို ခိုင်မာစွာခွဲခြားသိမြင်သူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ကလေးများအား ပြည်သူ့ပညာရေးစနစ်အတွင်း အဓမ္မပုံသွင်းခြင်းသည် အမှန် ကိုဆောင်ရွက်ရန်လိုအပ်သည့် ခိုင်မာသောစရိုက်လက္ခဏာရှိသော ကျောင်းသားများကို မွေးထုတ်ခြင်းပြုနိုင်မည် မဟုတ်ပါ။ သတ်မှတ် သောစံအဆင့်များကို ငြင်းဆန်ခြင်းမရှိသော စက်ရုပ်လုပ်သားများ၊ အမှားကိုဝေဖန်ထောက်ပြခြင်းမပြုရန် သင်ကြားထားခြင်းခံရသော လူသားများ၊ အများ၏ဆန္ဒကို ဆန့်ကျင်၍ကိုယ်ပိုင်ဆုံးဖြတ်ချက် မချတတ်အောင် ရွယ်တူဖိအားပေးခြင်းကို ခံနေကြရသူများသာ ထွက်ပေါ်လာပေမည်။

"ကျောင်းသည် မေးမှိန်၍ပိုပြီး ကြောက်လန့်ဖွယ်နေရာတစ်ခုဖြစ်ပြီး လမ်းပေါ်နေလမ်းပေါ်စားလူများ၏ ယဉ်ကျေးမှုကျက်စား ရာနေရာဖြစ်သည်။ ထိုထက်ပို၍မထူးပေ။ ကလေးများအား လောဘကြီးသော၊ မနာလိုသော၊ အကြမ်းဖက်သောဝန်းကျင်မှ ဖယ်ခွာရန် စည်းရုံးနိုင်ဖို့ဝေးစွ။ ကျောင်းများသည် ကလေးအချင်းချင်းကိုပင် အပြန်အလှန်အကာအကွယ် မပေးနိုင်ပေ။ ၎င်းတို့သည် ငွေကြေး၊ လိင်နှင့် မူးယစ်ဆေးဝါးတွင်သာ အထူးမွေ့လျော်နေပုံရကြသည်။ ဓလေ့စရိုက်များကို တိုက်ဖျက်ရန် ကျောင်းများကမည်သို့ပင် ကြိုးစား စေကာမူ အောင်မြင်မှုမရကြပါ။

ထို့ကြောင့် ကျွန်ုပ်တို့ကလေးများအား အများသူငါကဲ့သို့ မိုးခါးရေသောက်သူများ ဖြစ်ကြစေချင်ပါက ကျောင်းများသည် ကလေးများအား ပို့ထားရန်ကောင်းသောနေရာများ ဖြစ်ပါသည်။

မေးခွန်း။ သင့်ကလေးအား ကျောင်းမှရရှိသော တန်ဖိုးရှိသည့် အတွေ့အကြုံနှင့် လူမှုရေးဘဝကို လက်လွှတ်ဆုံးရှုံးခံသည့် သဘောဖြစ်မနေဘူးလား။

အဖြေ။ ကလေးများအား ကျောင်းမှထုတ်ရသည့် အခြားသောအကြောင်းပြချက်များ မရှိလျှင်မူကား ကလေးများသည် အတွေ့ အကြုံများနှင့် လူမှုရေးဘဝကို ဆုံးရှုံးရမည်ဟူသော အကြောင်းပြချက်သည် ခိုင်လုံဖွယ်ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်သင်ကြားခဲ့ဖူးသော အလည်အပတ်ရောက်ခဲ့သော သို့မဟုတ် အနည်းအကျဉ်းသိသော ကျောင်းအချို့ရှိ ကလေးများ၏ လူမှုရေးဘဝမှာ အလတ်စားစိတ်ဓါတ် ရှိသော၊ ပြိုင်ဆိုင်သော၊ ခွဲခြားသော၊ အဆင့်အတန်းရွေးသော၊ မျက်နှာလိုမျက်နှာရလုပ်သော၊ ဘယ်သူကဘယ်သူ၏ မွေးနေ့ပါတီသို့ သွားသည်ဟူသော စကားများ၊ ဘယ်သူက ဘယ်လိုခရစ္စမတ်လက်ဆောင် ရသည်ဟူသော စကားမျိုး၊ ဘယ်သူကချစ်သူများနေ့ ကတ်ပြားအများဆုံး ရသည်ဟူသော စကားမျိုးစသည် အရေမရ အဖတ်မရစကားမျိုးများကိုသာ ပြောဆိုတတ်သော လူမှုရေးဘဝဖြစ်

ကြောင်းတွေ့ရှိခဲ့ရသည်။ ပထမတန်းတွင်ပင် အတန်းကိုခေါင်းဆောင်များဖြင့် ခွဲခြားထားသည်။

ဤသို့သော ကျောင်းများတွင် အချို့သော ကလေးဆန်သည့်ကိစ္စများကို လူအများက သဘာဝအရဖြစ်သည်ဟု လက်ခံထားကြသည်။ မိုက်မဲမှု၊ အတ္တကိုအလိုလိုက်မှု၊ ထင်ရာကို ဆန့်ကျင်မှု၊ လျှို့ဝှက်မှု၊ အခြားကလေးများကို ရက်စက်ကြမ်းကြုတ်မှု၊ ငွေကြေးဖြုန်းတီးမှု၊ ဖျော်ဖြေရေးပစ္စည်းများ ဝယ်ယူမှု၊ အာရုံစူးစိုက်ခံရမှုအတွက် လူကြီးများ၏ ခေါင်းပုံဖြတ်မှု စသည့် စသည့်ကိစ္စအားလုံး လုံးဝမလိုအပ်သည့်ကိစ္စများဟု ကျွန်ုပ်ယူဆပြီး အဆိုပါကိစ္စအားလုံးသည် သာမန်ကိစ္စများ မဟုတ်ပါချေ။ ကလေးများသည် ကျောင်းများထဲ သို့တွန်းပို့ခံရပြီး ထိုသို့ဖိနှိပ်ခံရသော အခြေအနေများကို ကျော်လွှားလွန်မြောက်ရေးအတွက် သာမန်မဟုတ်သော ကိစ္စများကို ပိုမိုကျွမ်းကျင်တိုးတက်လာကြသည်။ ချမ်းသာသော မိသားစုမှကလေးများက ပို၍အဆိုးဆုံးဖြစ်ပေသည်။

ကျောင်းဆရာတစ်ဦးက "ဒီမနက် တတိယတန်းကလေးတွေကို ငါတို့ကျောင်းက ကလေးတွေဟာ အချင်းချင်းကြင်နာကြရဲ့လား၊ လိမ်မာကြရဲ့လားလို့ မေးကြည့်ပါတယ်။ ကလေးအားလုံး ၂၂ယောက်ရှိတဲ့အနက် ၂ဦးလောက်သာ အချင်းချင်းကြင်နာတယ်လို့ယူဆကြပြီး ကျန်တဲ့ကလေးတွေကတော့ ကြောက်လန့်ကြတယ်။ နာမည်ပြောင်တွေအခေါ်ခံရတယ်။ စိတ်ထိခိုက်ကြတယ်လို့ ဖြေကြပါတယ်။ ကျွန်တော်တကယ့်ကို အံ့သြသွားပါတယ်။ ကျွန်တော်တို့ကျောင်းဟာ တကယ့်ကို ရင်းနှီးခင်မင်မှုရှိတဲ့ကျောင်းလို့ ထင်ထားခဲ့တာကိုး" ဟုရေးသား ဖော်ပြခဲ့ပါသည်။

ကျွန်ုပ်ဆွေးနွေးခဲ့သော လူတစ်ရာတွင် တစ်ယောက်လောက်သာ ကျောင်းများ၏လူမှုရေးဘဝသည် ကြင်နာခြင်း၊ ရက်ရောခြင်း၊ ပံ့ပိုးကူညီခြင်း၊ အများသဘောဖြင့် ဆောင်ရွက်ခြင်း၊ ရင်းနှီးခြင်း၊ ချစ်ခင်တတ်ခြင်း သို့မဟုတ် ကလေးများအတွက် သင့်တော်ခြင်း စသည်တို့ ပြည့်စုံသည်ဟု ဖြေပါသည်။

သို့သော် ဤသို့သော ကလေးများတွေ့ကြုံရသည့် လူမှုရေးဘဝကို မိဘများကလက်ခံပြီး ပံ့ပိုးကူညီနေရပါသနည်း။ ကျွန်ုပ်က ထိုသို့သော လူမှုရေးဘဝကို ခြွင်းချက်မရှိရှုတ်နေသောအခါ လူများက "အဲဒါကပဲ ကလေးတွေတွေ့ကြုံရမယ့် စစ်မှန်တဲ့ဘဝပေါ့" ဟုပြောကြပါသည်။ (JH)

နေအိမ်တွင် ပညာသင်ကြားသူများ၏ လက်ကမ်းစာစောင်တစ်ခုတွင် ဂျွန်ဟော့တ်၏ ဆောင်းပါးတစ်ပုဒ်၌ "နေအိမ်တွင်စာသင်ပေးမည်ဟု စီစဉ်ထားသော ကျွန်ုပ်၏ ၁၂နှစ်သမီးလေးက မေမေ ကျောင်းမထားလို့ သမီးမှာ သူငယ်ချင်းတွေမရှိမှာကို မပူပါနဲ့။ သမီးလေးက သူငယ်ချင်းမရှိကြပါဘူး။ တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြဘူး။ အကူအညီမပေးကြဘူး။ ဘာမှအတူတူမလုပ်ကြဘူး။ ကလေးတစ်ယောက်တော်ရင်လည်း ကျန်တဲ့ကလေးတွေက ဝိုင်းပြီးနှိမ်ကြတာပဲ။ ညံ့ရင်လဲဝိုင်းပြီးနှိမ်ကြတာပဲ။ နောက်ဆုံးတော့ လူတိုင်းကတစ်ယောက်နဲ့ပ တစ်ယောက်နှိမ်နေကြတာပါပဲ" ဟုရေးသားဖော်ပြထားသည်။

ပြည်သူ့ကျောင်းများတွင် ရရှိသော ရွယ်တူအုပ်စုဖွဲ့စည်းမှု အတွေ့အကြုံရှိရန်လိုသည်ဟူသော ကောင်းမွန်စွာယဉ်ကျေးလိုသည့် ကလေးများနှင့် ပတ်သက်သည့်လွဲမှားသော အယူအဆတစ်ရပ်ရှိသည်။ ယင်းသဘောထား မမှန်ကန်ကြောင်း သုတေသနများက ထုတ်ဖော်ခဲ့ကြသည်။ စစ်မှန်သော လူ့ယဉ်ကျေးမှုအတွက် အရေအတွက်များပြားလှသော ကလေးများအမြဲမပြတ် အတူရှိနေရန်မလိုအပ်ပါ။ ထိုသို့ရှိနေခြင်းဖြင့် အချင်းချင်း ပြဿနာပင် ပေါ်ပေါက်နိုင်သေးသည်။ ကော်နဲ တက္ကသိုလ် (Cornell University) မှ ယူရီး ဘရွန်ဖင်ဘရန်နာ (Urie Bron fen brenner) သည် မိဘများ သို့မဟုတ် လူကြီးများနှင့် အတူနေခြင်းထက် ရွယ်တူများဖြင့်သာ ပိုမိုအချိန်ဖြုန်းလေ့ရှိသော ဆဋ္ဌမတန်း ကျောင်းသား ၇၆၆သီးကိုလေ့လာပြီးနောက် အဆိုပါ ကလေးများတွင် မိဘများနှင့်ဖြစ်စေ၊ ရွယ်တူများနှင့်ဖြစ်စေ၊ သူတို့ကိုယ်တိုင်ကိုပင်ဖြစ်စေ၊ လွဲမှားသောအမြင်များ ရှိကြသည်ဟု ဖော်ပြခဲ့သည်။ မိဘများ လူကြီးများနှင့် အချိန်များစွာ အတူနေကြသော ကလေးများနှင့် နှိုင်းယှဉ်သောအခါ လေ့လာခဲ့သော ကလေးများက ပို၍အခက်အခဲရှိကြပြီး သူတို့ကိုယ်သူတို့ သိမ်ငယ်သည်ဟုခံစားကြရကာ သူတို့၏ရွယ်တူများနှင့် မိဘများအပေါ် ဆန့်ကျင်ရှုမြင်ကြသည့်အပြင် ၎င်းတို့၏အနာဂတ်ကိုလည်း အဆိုးမြင်သုံးသပ်တတ်ကြသည်ဟု ဆိုပါသည်။ သဘာဝအရ ကလေးများသည် ခိုင်မာသော လူမှုရေးတန်ဖိုးများကို သယ်ဆောင်သူများ မဟုတ်ကြောင်းထင်ရှားစွာ သိရှိခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ ခေတ်တွင်ရွယ်တူအုပ်စုချင်း အားကိုးအားထားပြုခြင်းသည်။ လူမှုရေးကင်ဆာရောဂါတစ်ခုဖြစ်သည်ဟု ဒေါက်တာ ဘရွန်ဖင်ဘရန်နာက ပြောကြားခဲ့ပါသည်။

သရုပ်ပြနေ့ကလေးထိန်းဌာနကို ဦးဆောင်ခဲ့သူ မာတင်အင်းဂျဲလ် (Martin Engel) ၏အဆိုအရ မိဘများက ၎င်းတို့၏သားသမီးများကို လူမှုရေးအကျိုးကျေးဇူးများကို မျှော်မှန်း၍ ပြည်သူပိုင်ကျောင်းများ သို့မဟုတ် နေ့ကလေးထိန်းဌာနများသို့ ပို့အပ်ရန်ဆုံးဖြတ်သောအခါ ပို၍ရှုတ်ထွေးလာကြကြောင်း ပြောကြားခဲ့သည်။ သူကပင် "ကျွန်ုပ်တို့၏ သားသမီးများကို အချိန်ပိုင်းမျှဖြစ်စေ၊ ကျွန်ုပ်တို့ စွန့်လွှတ်ထားခြင်း၏ ရည်ရွယ်ချက်မှာ ရွယ်တူအုပ်စုအတွင်း အပြန်အလှန်ဆက်ဆံရေး တည်ဆောက်တတ်ရန်၊ ကောင်းမွန်သောသင်ယူမှု အတွေ့အကြုံများ ရရှိစေရန်၊ ကျောင်းတက်ရာတွင် အခြေခံအုတ်မြစ်ခိုင်မာစေရန် စသည်တို့ပင်ဖြစ်သည်။ သို့ရာတွင် လူသားအဆန်ဆုံးနှင့် ဂရုစိုက်စောင့်ရှောက်မှု အရှိဆုံးဟုဆိုရသော နေ့ကလေးထိန်းဌာနတွင်ပင် ကလေးများ၏ မသိစိတ်က ငြင်းပယ်ခံရမှုကို ခံစားကြရသည်" ဟု ဆက်လက်ပြောပြပါသည်။

မေးခွန်း။ ပညာရေးသည် ဒီမိုကရေစီစနစ်နှင့် နိုင်ငံသားဖြစ်မှုတို့နှင့် ဆက်စပ်နေပါက သင့်ကလေးများသည်လည်း ပြည်သူပိုင်ကျောင်းများတွင် အခြားကလေးများနှင့်အတူ သင်ယူရန်မလိုအပ်ဘူးလား။

အဖြေ။ ပြည်သူပိုင်ကျောင်းများသည် ဖွင့်ဟပြောဆိုခြင်း၊ တိုးတက်မှုကို ရှာဖွေခြင်းနှင့် ပြောင်းလဲခြင်းတို့ထက် လိုက်လျော

ညီညွတ်မှုကိုသာ ပိုမိုတိုက်တွန်း အားပေးပါသည်။ လိုက်လျောညီထွေဖြစ်အောင် မစဉ်းစားခြင်းသည် ဒီမိုကရေစီမဟုတ်ပါ။ မတရားမှုကိုဆန့်ကျင်ပြောဆိုရန် ကြောက်ရွံ့သော နိုင်ငံသားတစ်ဦးသည် သူ၏လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသည်မမည်ပေ။ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်အဆင့်ရှိ ကျောင်းသားများသည်ပင် ရှေ့ဆောင်ရှေ့ရွက်ပြုမှု၊ ဦးဆောင်မှု၊ တီထွင်ဖန်တီးမှုနှင့် စွန့်စားလိုမှုအသိစိတ်များ နည်းပါးကြပြီး သူတို့ဘဝအေးကင်းရေးအတွက် ပါမောက္ခကြားလိုသည့် စကားကိုပြောကာ ဒီဂရီတစ်ခုရယူပြီး ကျောင်းထွက်လိုကြသည်ကများကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသို့သော ပုဂ္ဂိုလ်ရေးယုံကြည်မှုမရှိခြင်း သို့မဟုတ် လွတ်လပ်စွာဖွင့်ဟမပြောရဲခြင်းတို့က မည်သို့သော ဒီမိုကရေစီစနစ်နှင့် နိုင်ငံသားဖြစ်မှုကို အထောက်အကူပြုပါလိမ့်မည်နည်း။

မေးခွန်း။ ကျွန်ုပ်တို့သားသမီးများကို အရည်အချင်းမပြည့်မီသော ဆရာများ၏ သင်ကြားခြင်းမှ လွတ်ကင်းအောင်မည်သို့ ကြိုတင်ကာကွယ်ရမည်နည်း။ မိဘများသည်လည်း ဆရာများဖြစ်ရန် အရည်အချင်းမပြည့်မီကြပါ။

အဖြေ။ ဒေါက်တာ ရေမွန်မိုရေးက သူ၏ "နေအိမ်တွင် ကြီးပြင်းသောကလေးများ" စာအုပ်တွင် "၎င်းတို့သားသမီးများအား ပညာသင်ကြားပေးရန် အရည်အချင်းမပြည့်မီသော မိဘများရှိကြသည်မှာ သေချာပါသည်။ သို့ရာတွင် အစိုးရကအသိအမှတ်ပြုထားသောဆရာဖြစ်သင်လက်မှန် ရရှိခြင်း သို့မဟုတ် ဘွဲ့တစ်ခုခုရရှိထားခြင်း စသည့်အရည်အချင်းများကို ကျွန်ုပ်တို့ပြောဆိုဆွေးနွေးနေခြင်း မဟုတ်ပါ။ အရည်အချင်းမပြည့်သော မိဘတစ်ဦး သို့မဟုတ် ဆရာတစ်ဦး၏ သဘောထားသည် ကလေးငယ်၏ ပကတိလိုအပ်ချက်များနှင့် ကွာခြားနေခြင်း သို့မဟုတ် သူ/သူမ၏ ရည်ရွယ်ချက်သည် ကလေးငယ်၏ လိုအပ်ချက်ထက် သူ/သူမ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုသာ ဦးစားပေးခြင်းကို ဆိုလိုပါသည်။ ကမ္ဘာပေါ်တွင် အကျွမ်းကျင်ဆုံးသော သင်ကြားမှုစွမ်းရည်သည် ကလေးများ၏ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလိုသော မိဘများ၏ နွေးထွေးမှု၊ တုန့်ပြန်မှုနှင့် ဖွဲ့ရှိမှုတို့တွင်သာ လဲလျောင်းတည်ရှိနေသည်ဟု ကျွန်ုပ်တို့ ခိုင်မာစွာယုံကြည်ပါသည်။ မိဘများ၏ နေ့စဉ်တစ်ဦးကို တစ်ဦးချင်းစီ ပြသနေသော နမူနာများက သင်ကြားမှုကို အဆင့်မြင့်ဆုံးဖြစ်စေပါသည်။ ချစ်တတ်သော မိဘများ၏ သူ့ကလေးများသအတွက် စံပြုအပ်သော နေအိမ်တွင်ပင် စံပြုအပ်သော ပုံစံသွင်းနိုင်သည့်စွမ်းရည်နှင့် ကိုက်ညီသော ပညာရေးအစီအစဉ်ဟူ၍ မရှိသေးပါ" ဟုရေးသားထားသည်။

လက်တွေ့တွင်မူ အရည်အချင်းမပြည့်မီဟူ၍ သတ်မှတ်ကာစိုးရိမ်နေသော မိဘများက သူ၏ကလေးများကို သင်ကြားပေးရာတွင် ကျောင်းပညာရေးကို လေ့ကျင့်ထားသေ သင်ကြားမှုလက်မှတ်ကို ကိုင်ဆောင်ထားသော အရည်အချင်းပြည့်မီပါသည်ဟူသော ကျောင်းဆရာများထက် သာလွန်သည်ကို တွေ့ရှိရသည်။ သင်ကြားပေးသော ကလေးများသည် ကျောင်းပညာရေးတွင်သာ သင်ယူရရှိနိုင်သော လျှို့ဝှက်သည့် နည်းစနစ်များနှင့် ဆက်စပ်နေသောကြောင့် အဆိုပါ သင်တန်းကိုလေ့ကျင့်ပြီးသူများမှသာ ကလေးများအား သင်ကြားပေးနိုင်သည်ဟု တရားသေယူဆနေကြသည်။ သို့သော် သူ/သူမသည် ရိုးသားမှုကို အလေးမထားလျှင် တက္ကသိုလ်တွင် မည်သို့သင်ကြားပေးရမည်ကို သင်ယူနိုင်မည် မဟုတ်ကြောင်း ဆရာအများစုက ပြောပြကြပါလိမ့်မည်။ ထိုအချက်ကို သူတို့အနေဖြင့် ကလေးများအားအတန်ကြာ သင်ကြားပြီးမှသာ လေ့လာသိရှိကြခြင်း ဖြစ်ပါသည်။

မျက်မှောက်ကာလ ပညာပေးဆွေးနွေးကြသူများသည် သင်ကြားရေးဟူသော အတတ်ပညာကို လက်ဝါးကြီးအုပ်မထားကြပါ။ ဒီပလိုမာများကြောင့် ဆရာ မဖြစ်နိုင်ပါ။ ဆရာကောင်းတစ်ဦး၏ အရည်အချင်းများကို နီးကပ်စွာလေ့လာကြည့်လျှင် စာရိတ္တကောင်းခြင်း၊ ကလေးများအား ချစ်တတ်ခြင်း၊ မတူညီသော အတွေးအခေါ် တီထွင်သော အတွေးအခေါ်ရှိခြင်းနှင့် စိတ်အားထက်သန်မှု တို့ပင်ဖြစ်ကြောင်းတွေ့ရှိရပါလိမ့်မည်။

သင်ကြားမှုစွမ်းရည်သည် လျှို့ဝှက်အပ်သည့်အရာ မဟုတ်ပါ။ အဆိုပါစွမ်းရည်သည် အခြားသူများနှင့် ဆက်ဆံနေသော ကိစ္စများနှင့်ပတ်သက်ပြီး အများနားလည်လက်ခံနေသော အရာများအကြားတွင် ရှိပါသည်။ ကောလိပ်များက သင်ကြားမှု၏ သဘောတရားကိုလိုအရိပ်အမြွက်မျှသာ သင်ကြားပေးပါသည်။ ကောလိပ်များက ၎င်းတို့၏ ကျောင်းသားများအား ကျောင်းများ၏ထူးခြားသော ကမ္ဘာ/ဝန်းကျင်တွင် အလုပ်လုပ်ရန် ကြိုတင်ပြင်ဆင်ပေးခြင်းဖြင့်သာ အချိန်ဖြုန်းနေကြပါသည်။ ပညာရေးကျောင်းသားများအား သူတို့သိသော အရာသည်သာ အရေးကြီးဆုံးဖြစ်ပြီး ထိုအရာကို သိသောသူမှာ သူတို့ပင်ဖြစ်သည်ဟူသော အယူအဆကို ရိုက်သွင်းပေးထားကြသည်။

အသိအမှတ်ပြုလက်မှတ်ရ ဆရာများက အသိအမှတ်ပြု လက်မှတ်မရှိသော ဆရာများထက်ပို၍ သင်ကြားမှုစွမ်းရည် ထက်မြက်ပါသလား။ သို့မဟုတ် အသိအမှတ်ပြု လက်မှတ်မရှိသောဆရာသည် အားလုံးကို မသင်ကြားနိုင်သလောဟူသော အယူအဆနှင့် ပတ်သက်၍ ယင်းကိုထောက်ခံသော သက်သေမရှိသော်လည်း ဆန့်ကျင်သောအထောက်အထားများကား များပြားလှပါသည်။ မြင့်မားစွာ အောင်မြင်နေသော စာပေးစာယူကျောင်းများ၊ နေအိမ်ပညာရေး အစီအစဉ်များနှင့် အလွတ်ပညာသင်ကျောင်းများရှိ ဆရာများသည်မည်သည့်ပညာရေး လေ့ကျင့်ရေးကျောင်းများကိုမှ တက်ရောက်ခဲ့ခြင်းမရှိသည့်ပြင် ပညာရေးဘွဲ့/လက်မှတ်လည်း ရရှိခဲ့ကြသူများ မဟုတ်ကြပါ။ (JH)

မေးခွန်း။ စာမတတ်သော မိဘများအတွက် မည်သို့ရှိမည်နည်း။ သူတို့၏ သားသမီးများကို ပညာသင်ကြားပေးနိုင်သည်ဟု ဆိုနိုင်ပါသလား။

အဖြေ။ ကျွန်ုပ်တို့အနေဖြင့် စာမတတ်သူများ မဟုတ်ကြပါ။ စာမတတ်သော မိဘများကလည်း ၎င်းတို့သားသမီးများအား ပြည်သူပိုင်ကျောင်းများမှ ထုတ်ပြီး၊ နေအိမ်တွင်ပင် စာသင်ပေးရန် စိတ်ကူးမည်မဟုတ်ကြပါ။ ဤသို့စိတ်ကူးပါကလည်း ကျွန်ုပ်အနေ

ဖြင့် "ခင်ဗျားကိုယ်တိုင်ကမှ စာရေတတ်၊ ဖတ်တတ်တာမဟုတ်တော့ ခင်ဗျားကလေးတွေ ကျောင်းစာသင်ဖို့ကို ခင်ဗျားကူညီနိုင်မှာ မဟုတ်ဘူး။ လောကကြီးအကြောင်းကို လေ့လာသိရှိဖို့ပဲ ကူညီနိုင်တယ်" ဟုသာ ပြောရပါလိမ့်မည်။ ကလေးများအား လောကကြီးအကြောင်းကို သင်ကြားပေးရေးအတွက် မည်သည့် (Ph. D) ဘွဲ့ ဒီဂရီမျှလိုအပ်မည် မဟုတ်ပါ။

မေးခွန်း။ သင့်ကလေးငယ်အား တစ်နေ့လျှင် ဖြနာရီသင်ကြားပေးရန်အတွက် သင့်မှာအချိန်ရှိပါသလား။

အဖြေ။ ကလေးတစ်ဦးကို မည်သူကတစ်နေ့လျှင် ဖြနာရီသင်ကြားပါသနည်း။ ကျွန်ုပ်ပြည်သူပိုင်ကျောင်းများတွင် စာသင်ကြားစဉ်က ကျွန်ုပ်အတွက် အမှန်တကယ် သင်ကြားရသောအချိန်မှာ ၁၅မိနစ်သာရှိသည်။ ကျန်အချိန်များမှာ ကျွန်ုပ်စိတ်ဝင်စားသော အကြောင်းပြောခြင်း၊ ပုစ္ဆာတွက်ခြင်း၊ အခြားအရေးကြီးသော အကြောင်းများကို ပြောဆိုခြင်းဖြင့် ကုန်ဆုံးရပေသည်။ စင်စစ် တစ်ပတ်လျှင်သင်ကြားချိန် ၁၅မိနစ်ခန့်သာ ရှိသည်ဟုဆိုနိုင်ပါသည်။ အချို့ကျောင်းများရှိ ကလေးများသည် ထိုအချိန်ထက်ပင်ပို၍ နည်းကောင်းနည်းနိုင်သည်။ ဆရာက သူတို့အား စကားပြောသည်ဆိုပါက အမိန့်ပေးစကား၊ ပြုပြင်သည့်စကား၊ သတိပေးစကား၊ ခြိမ်းခြောက်စကားနှင့် အပြစ်တင်သည့်စကားများသာ ဖြစ်ပါလိမ့်မည်။

ကလေးတစ်ဦးအတွက် တစ်နေ့လျှင် သင်ကြားချိန် ဖြနာရီမလိုအပ်ပါ။ သူတို့လိုအပ်သည်မှာ စကားပြောခြင်း၊ ကြင်နာမှုပြခြင်း၊ စာနာစိတ်ရှိခြင်းနှင့် နှစ်သိမ့်မှုပေးခြင်းတို့သာ လိုအပ်ပါသည်။ သူတို့မေးသည်များကို ဖြေကြားပေးရန် လိုပါသည်။ သူတို့အတွက် သူငယ်ချင်းများများ မလိုပါ။ နှစ်ဦး သုံးဦး သို့မဟုတ် အများဆုံး ဖြဦးခန့်သာ လိုပါသည်။ ယင်းကား ကလေးတစ်ဦးအတွက် တစ်ချိန်တည်းတွင် ရရှိနိုင်သော သူငယ်ချင်းဦးရေ ဖြစ်ပါသည်။ ကျောင်းများက အဆိုပါအခြေအနေကို ဖြည့်ဆည်းပေးခြင်းမပြုနိုင်ပါ။ (JH)

မေးခွန်း။ သင့်ကလေးငယ်များအား ကာကွယ်ပေးလွန်းရာကျမနေဘူးလား။

အဖြေ။ အဘယ်ကြောင့် မကာကွယ်ရမည်နည်း။ ယင်းသည် သင်၏မိဘတစ်ဦးအတွက် စစ်မှန်သော တာဝန်ဖြစ်သည်။ ကလေးများအား ကာကွယ်ပေးရမည်။ ဘေးအန္တရာယ်များမှ သင်အတတ်နိုင်ဆုံး ကာကွယ်ပေးရမည်။ ကမ္ဘာတစ်လွှားရှိ ကလေးငယ်များစွာတို့ ဝတ်မွတ်ခေါင်းပါးနေကြသည်။ အာဟာရချို့တဲ့နေကြသည်။ သို့သော် သင့်ကလေးများအား သင်က အငတ်ထားမည်မဟုတ်ပါ။ သို့ဆိုလျှင် ကလေးများ နားလည်သဘောပေါက်ကြပါသည်။ အရှိန်ပြင်းစွာမောင်းနှင်နေသော ကားများ ပြည့်နေသည့် လမ်းမအလယ်တွင် သင့်ကလေးကို သင်ကစားခွင့်ပေးမည် မဟုတ်ပါ။ သင့်ကလေးငယ်ကို သသ၏ လူသား၏စွမ်းရည် အပြည့်ဝဆုံးရရှိအောင် ကူညီဖြည့်ဆည်းပေးရေးသည် သင့်အလုပ်ဖြစ်သည်။

မေးခွန်း။ သင့်ကလေး၏ တက္ကသိုလ်တက်ခွင့် သို့မဟုတ် ကုန်သွယ်မှု/ စီးပွားရေးလုပ်ငန်းတစ်ခု သင်ယူရန်အခွင့်အလမ်းကို ဖျက်ဆီးနေခြင်း မဟုတ်ပါလား။

အဖြေ။ လုံးဝဖျက်ဆီးခြင်း မဟုတ်ပါ။ လူများသည် အထက်တန်းကျောင်းတွင် မတက်ဘဲ အထက်တန်း စာပေးစာယူသင်တန်းတက်ပြီး သို့မဟုတ် အထက်တန်းအဆင့်နှင့် အလားတူ စာမေးပွဲကို ဖြေဆိုပြီး အထက်တန်းအောင်လက်မှတ် ရရှိနိုင်ပါသည်။

ပြည်သူပိုင်ကျောင်းများက ကောလိပ်ကျောင်းတက်ရေးအတွက် ဖြည့်ဆည်းမပေးနိုင်ပါ။ မည်သည့်ကောလိပ်ကိုမဆို တက်ရောက်ရေးအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုပြီး အောင်မြင်ပါက တက်ရောက်ခွင့်ရှိပါသည်။ နေအိမ်တွင် ပညာသင်ကြားသော ကျောင်းသားများသည် အမေရိကန်ပညာရေးကောင်စီက ကျင်းပသောအထက်တန်းနှင့် အလားတူအဆင့် စာမေးပွဲကိုဖြေဆိုခွင့် အောင်မြင်ပါက အထက်တန်းပြီးဆုံးကြောင်း လက်မှတ်ရရှိနိုင်ပါသည်။ ထိုလက်မှတ်ဖြင့် မည်သည့်ကောလိပ်ဝင်ခွင့် စာမေးပွဲကိုမဆို ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

အဆိုပါ နေအိမ်တွင်ပညာသင်ကြားပြီး ကောလိပ်ဝင်ခွင့် စာမေးပွဲဖြေဆိုသူများသည် ဟားဗတ်၊ ယေးလ်၊ အောက်စဖို့နှင့် ပရင့်စ်တန်တက္ကသိုလ်များသို့ပင် အခက်အခဲမရှိ ဝင်ရောက်နိုင်ကြပါသည်။

အီဒါဟို (Idaho) မှ လင်ဒါကျူဂျန်းစ် က "ကျွန်မရဲ့သမီးကြီးတွေဟာ ကောလိပ်ရောက်နေပြီ။ သူတို့ကို ဘယ်ကျောင်းမှ မထားဘူး။ တခြားကလေးတွေမပါဘူး။ ၄ –၅ ယောက်နဲ့ပဲ ဝိုင်းဖွဲ့သင်ပေးတယ်။ စာပေးစာယူသင်တန်းတက်တယ်။ ကျွန်မတို့နယ်မြေမှာရှိတဲ့ ကျောင်းအုပ်ဆရာကြီးက အထက်တန်းအဆင့် စာမေးပွဲမှာ သူတို့ဘာကြောင့်ကောင်းကောင်း ဖြေနိုင်ကြတာလဲလို့မေးတော့ ကျွန်မတို့က အစိုးရကျောင်းတက်ပြီး အချိန်ဖြုန်းမနေလို့ပါလို့ တစ်ယောက်ကပြန်ဖြေလိုက်ပါတယ်" ဟုပြောပြသည်။

မေးခွန်း။ ကျောင်းတွေမှာ မတက်မနေရ ဥပဒေတွေ ဘာဖြစ်လို့ရှိရတာလဲ။ အိမ်မှာပဲ ပညာသင်ပေးတဲ့သူတွေကို သူတို့က ဘာဖြစ်လို့ ကျောင်းထားဖို့တိုက်တွန်းနေရတာလဲ။

အဖြေ။ ကျောင်းများက ကျောင်းတက်သည့်ကျောင်းသားဦးရေပေါ် မူတည်ပြီး၊ ဝင်ကြေးများစွာ ရရှိကြပါသည်။ ထို့ပြင် ကျောင်းသားများ ကျောင်းတက်အောင်မစည်းရုံး မစွမ်းဆောင်နိုင်လျှင် ကျောင်းသားဈေးကွက်နှင့် ပတ်သက်၍ ဆိုင်ရာအာဏာပိုင်များ၏ ပြစ်တင်ပြောင်မှုကို ခံကြရပါသည်။ သို့ရာတွင် နေအိမ်ပညာရေးကြောင့် ၎င်းတို့က ကျောင်းများ၏ ကျောင်းသားဦးရေ လျော့ကျမှု၊

ကျောင်းထွက်မှုနှုန်း များပြားမှုကိုမှုပင်ရန်မလိုပါ။ နိုင်ငံကိုယ်၌ကပင် စာမတတ်သူဦးရေ များပြားလျက်ရှိနေသေးသည်။ နေအိမ်ပညာရေး ဆောင်ရွက်သူ တစ်ဦးသည်ပင်လျှင် နိုင်ငံအတွက်တိုးတက်မှုတစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကျောင်းများက သဘောမကျနိုင်သော်လည်း အခွန်ဆောင်သူများကမူ နေအိမ်ပညာရေးကို နှစ်ခြိုက်ကြပါလိမ့်မည်။ ၁၉၀၀ ပြည့်နှစ်တွင် ကလေးတစ်ဦးအတွက် တစ်နှစ်စာကျောင်းစရိတ်မှာ ၁၇ဒေါ်လာရှိခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ၁၂၈၆အထိ တိုးတက်လာခဲ့ပြီး ၁၉၈၅ ခုနှစ်တွင်မူကား ၃၄၂၉ ဒေါ်လာအထိ တိုးတက်လာခဲ့သည်။ ငွေကြေးဖေါင်းပွမှုနှုန်းကို ညှိပြီးသည့်တိုင်အောင် ကျောင်းသားတစ်ဦး၏ ကျောင်းစရိတ်မှာ ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အကြား ၃၁% တိုးတက်လာခဲ့သည်။ မီဂါထရန်း (Megatrends) စာအုပ်ရေးသားသူ ဂျွန်နိုင်းစ်ဘစ်တ် (John Naisbitt) က အမေရိကန်ပြည်ထောင်စုတွင် နေအိမ်ပညာသင်ကြားသူ ၁သန်းခန့်ရှိသည်ဟု ဆိုပါသည်။ အဆိုပါ ခန့်မှန်းချက်အရဆိုလျှင် နေအိမ်ပညာရေးက ဝင်ငွေခွန်ဒေါ်လာ ၃.၄သန်းခန့် သက်သာသွားသည်ဟု ဆိုရပေမည်။

မေးခွန်း။ သင်သည် ပညာရေးကို မလိုလားပုံရသည်။

အဖြေ။ ကျွန်ုပ်တို့အနေဖြင့် ပညာရေးကို မဆန့်ကျင်ပါ။ လိုလားပါသည်။ ကျွန်ုပ်တို့၏ မိဘအဖြစ်ထမ်းဆောင်ရသော အလုပ်သည် ကျွန်ုပ်တို့သားသမီးများအား ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးရေးပင်ဖြစ်သည်။ နေအိမ်ပညာရေးသည် ပညာရေးတွင်အချိန်ပြည့် ဆောင်ရွက်ခွင့်ရစေပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ပင်ဖြစ်စေ၊ အခြားသူများကိုဖြစ်စေ နေ့ရောညပါ ဘုရားသခင်အလိုကျ ပညာသင်ယူကြရ၊ ပညာသင်ကြားပေးကြရပါသည်။ ဘုရားသခင်၏ အလိုနှင့်ဆန့်ကျင်သော တစ်ကိုယ်ကောင်းဆန်သော မူးယစ်ဆေးသုံးစွဲသော ငွေကြေးကိုသာ အလေးပေးသော ပညာရေးကို ကျွန်ုပ်တို့ဆန့်ကျင်ပါသည်။ အဆိုပါ ပညာရေးမျိုးကို ကျွန်ုပ်တို့မလိုလားကြပါ။

ဝါရှင်တန်အေပီသတင်းစဉ်။ အမေရိကန်ပြည်ထောင်စု၏ ပညာရေးသည် ကျောင်းများ၏သင်ကြားရေးနှင့် ပတ်သက်ပြီးနိုင်ငံ့အဝန်း နှိုင်းယှဉ်ဝေဖန်မှုများကြောင့် ရပ်တန့်လုနီးပါး ဖြစ်နေသည်။ ဖိနှစ်မြောက် ပညာရေးဆောင်ရွက်မှု ဇယားအရ အထက်တန်းပညာပြီးမြောက်မှုနှုန်း ကျဆင်းလာပြီး ကောလိပ်ဝင်ခွင့် စာမေးပွဲကျရှုံးမှုနှုန်း မြင့်တက်လာသည်ကို ပညာရေး ကျဆင်းမှုနှုန်းကို "ကျွန်ုပ်တို့တွေ့ကြုံရမည့် အန္တရာယ်" ဟုပညာရေးဝန်ကြီး လော်ရို အက်ဖ် ကာဗာဇိုစ် (Lauro F. Cavazos) ကခေါ်ဝေါ်သုံးစွဲခဲ့သည်။